မြောင်မြို့လုံးဆိုင်ရာ

ပရိယတ္တိသာသနာနုဂ္ဂဟအသင်း

မွေဝိနယစာမေးပွဲကြီးအတွက်

စီစဉ်ရေးသားပြဋ္ဌာန်းအပ်သော

ဗုဒ္ဓဘာသာအခြေခံကျမ်း



မွေဒါန

သာသနာရေးဦးစီးဌာန ပုံနှိပ်ဘိုက်၌
ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ ဒီဇင်္ဘာ ၁၉၇၇

မြောင်မြို့ဂိုဏ်းလုံးဆိုင်ရာ
ဩဝါဒါနုသာသကသံဃာ့အဖွဲ့ကြီးက
ကြီးမှူးကျင်းပသည့်
မြောင်မြို့လုံးဆိုင်ရာ

ပရိယတ္တိသာသနာနုဂ္ဂဟအသင်း

ဓမ္မဝိနယစာမေးပွဲကြီးအတွက်
သံဃာ့အဖွဲ့ကြီးမှ ဆရာတော်များ
စီစဉ်ရေးသားပြဋ္ဌာန်းအပ်သော



ဗုဒ္ဓဘာသာအခြေခံကျမ်း

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ ဒီဇင်ဘာ ၁၉၇၇

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၀၃၃၁)

ထုတ်ဝေသူ

ဦးသုဇာတ၊ ကင်းလွှတ်ခွင့်အမှတ် (၀၄၁၂၅)
စစ်ကိုင်းတိုင်း မြောင်မြို မြကုန်းရွာ ဒကွိဏာရာမကျောင်းတိုက်၊
မြောင်မြိုလုံးဆိုင်ရာ ပရိုင်တွိဏာသာသနာနုဂ္ဂဟအသင်း။

ပုံနှိပ်သူ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးချစ်တင်
(မှတ်ပုံတင်အမှတ် ၀၂၂၆၂)က ပုံနှိပ်သည်။

အခန်းငယ် နိဒါန်း

စစ်ကိုင်းတိုင်း မြောင်မြို့နှင့် နယ်မျာ်းတွင် ၁၂၇၄-ခုနှစ်က စ၍ အမျိုး ဘာသာ သာသနာ ပညာ တိုးတက်ကြီးပွါးရေးနှင့် အင်္ဂလိပ် နယ်ခဲ့ချဲ့ လက်အောက်မှ လွတ်မြောက်ရေး အတွက် စည်းလုံးညီညွတ်စွာ အားထုတ်ကြရန်-လူမျာ်းဘက်မှ ဝံသာနု-ရက္ခိတအသင်းမျာ်း, ရဟန်းသံဃာတော်မျာ်းဘက်မှ သံဃ သာမဂ္ဂီအသင်းမျာ်း ဖွဲ့စည်းကြရာ ၎င်း အသင်းအဖွဲ့မျာ်းတွင် ပါဝင်သူမျာ်းနှင့် မပါဝင်သူမျာ်း လူရော ရဟန်းမျာ်းပါ နှစ်ဦး နှစ်ဖက် ကွဲပြားကြပြီး တဖက်နှင့်တဖက် မညီမညွတ်ပဋိပက္ခ အကြီးအကျယ်ဖြစ်ကာ အကုသိုလ်ဖြစ်ပွါး ဒုက္ခမျာ၍ နေကြရာတွင် ဆင်ရှင်ကျောင်းတိုက် နာယက ဆရာတော်ကြီး ဦးကုသလသည် ကျန်းမာခရေး မကောင်းသောကြောင့် မန္တလေးမှ တပည့်ဖြစ်သော ဦးပညာအား ပင့်ခေါ်၍ ဆင်ရှင်ကျောင်းတိုက်ကို အုပ်ချုပ်နေထိုင်ရန် လွှဲအပ်သည့်အတွက် ဘုန်းကြီး ဦးပညာသည် ၁၂၇၃-ခုနှစ် သီတင်းကျွတ်လမှာ မြောင်မြို့သို့ ကြွရောက်၍ လာသည်။

မြောင်မြို့သို့ ကြွရောက်၍ လာသောအခါ လူရော ရဟန်းမျာ်းပါ နှစ်ဦးနှစ်ဖက် မညီမညွတ် ပဋိပက္ခ ကွဲပြားမှုကြီးမှာ ပြင်းထန်လျက်ပင် ရှိသည်။ အမှန်လိုရင်း ရည်ရွယ်ချက်ကာ စည်းလုံးညီညွတ်စွာဖြင့် အင်္ဂလိပ်နယ်ခဲ့ချဲ့ကို နည်းအမျိုးမျိုး ဖြင့် တိုက်ပြီးထုတ်ရမှာကို အင်္ဂလိပ်နယ်ခဲ့ချဲ့ကို မတိုက်ဘဲ ကိုယ့်အချင်းချင်း ပြန်ပြီးတိုက်၍နေကြခြင်းသည် လိုရင်းရည်

ရွယ်ချက်လည်း မဟုတ်၊ သဘာဝလည်း မကျ၊ နည်းလမ်းလည်းမမှန်၊ ပည ရှိများလည်း မနှစ်သက်၊ အလွန်ဝမ်းနည်းစိတ်ပျက်ဘွယ်လည်း ကောင်း၍နေသည့်အပြင် "ပျက်စီးခြင်းအစ မညီညွတ်ခြင်းက" ဆိုသည့် အတိုင်း မြို့ရွာမှာ ဖြစ်စေ, တိုင်းပြည်နိုင်ငံမှာ ဖြစ်စေ ဆုတ်ယုတ်ပျက်စီးခြင်း ဖြစ်၍ လာလျှင် မညီမညွတ်ခြင်း, ကွဲပြားခြင်းက စ၍ လာသည်သာများသည်။

သို့ဖြစ်၍ ဘုန်းကြီး ဦးပညာသည် " သုခါ သံဃသ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ" ရဟန်းရှင်လူအပေါင်းတို့၏ စည်းလုံး ညီညွတ်ခြင်းသည် ချမ်းသာ၏-ဟူသော ဒေသနာတော်ကို အထူးနှလုံးသွင်း၍ မညီမညွတ် ကွဲပြား၍နေသော ရဟန်းရှင်လူများကို အာ လုံးစည်းလုံး ညီညွတ်ကြရန်အတွက် အထူး သည်းခံ၍ အမျိုးမျိုး အားထုတ် ဆောင်ရွက်ခဲ့သည့် အပြင် သာသနာတော်ကို ပြုစု ချီးမြှောက်သော အားဖြင့် ပရိယတ္တိစာမေးပွဲ စာပြန်ပွဲကြီး ကိုလည်း ၁၂၈၈ - ခုနှစ် တန်ဆောင်မုန်းလတွင် ဆင်ရှင်ကျောင်းတိုက်၌ (ပထမ) စတင်၍ သာသနာအကျိုးနှင့် မြို့ရွာအကျိုးငှါ ဟောပြောနှိုးဆော်၍ ပြုလုပ်ကျင်းပခဲ့သည်။

ဗုဒ္ဓသာသနာပြု ပရိယတ္တိစာမေးပွဲကြီး အရှည် တည်တံ့တိုးတက်ကြီးပွါးရေးနှင့် ရဟန်းရှင်လူအများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရေးမှာလည်း ရဟန်းရှင်လူအများ စည်းလုံးညီညွတ်မှုရှိကြမှသာလျှင် ကည်တံ့ ကြီးပွါး ချမ်းသာကြမည် ဖြစ်ကြောင်းကို ဘုန်းကြီး ဦးပညာသည် မြော်မြင် သိရှိတော်မူ၍ အလွန်များပြားကြီးကျယ်၍ အလွန်ခက်ခဲသော ညီညွတ်ရေး

တာဝန်ကိစ္စကြီ ကို သည်းခံ ကြိုးစား အားထုတ်က ဘုရား ဖြစ်နိုင်သည့်-ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ အခက် အခဲ အမျိုးမျိုး, ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို ၇-နှစ်ကြာ အထူး သည်းခံပြီး အားထုတ် ဆောင်ရွက် ခဲ့သောကြောင့် ဆရာတော် သံဃာတော်များနှင့် မြို့ရွာလူကြီးများပါ အားလုံး ညီညွတ်မှုကို သဘောပေါက် လက်ခံကြ၍ ၁၂၉၄-ခုနှစ်၊ ဝါဆို လပြည့်ကျော် ၂ ရက်၊ နေ့ ၁ နာရီ အချိန်တွင် ရွှေပေါ် ကျွန်းဘုရား အာရုံခံတန်ဆောင်းကြီး၌ အားလုံးစည်းဝေး၍ ဆင်ရွှင်ဘုန်းကြီး ဦးပဉ္ဇာ အပြည့်အစုံ ရေးပြီးပေးသော အားလုံး စည်းလုံး ညီညွတ်စွာ သာသနာတော်ကို ပြုစုချီး မြှောက်ကြရန် အကြောင်းနှင့် စည်းလုံးညီညွတ်မှု ရှိကြမှသာ လျှင် အားလုံးကြီးပွါး ချမ်းသာကြမည့် အကြောင်းများပါရှိ သော ညီညွတ်ရေးစာတမ်းကြီးကို မြို့ပိုင်ကြီး ဦးမြက ဖတ် ကြား လျှောက်ထားတင်ပြရာ ပြီးဆုံးသောအခါ အားလုံး အညီအညွတ် သာဓု ၃-ကြိမ်ခေါ်၍ ညီညွတ်မှု ချမ်းသာသုခ လာဘ်ကြီးကို အားလုံးလက်ခံကြပြီး မင်္ဂလာရှိသော ညီညွတ် ရေး အစည်းအဝေးကြီးကို ချမ်းသာစွာ ရုပ်သိမ်းတော်မူကြ သည်။ (၎င်း ပဋ္ဌိပက္ခ ကဲ့ပြားမှုကြီးမှာ ၁၂၈၄-ခုနှစ်မှစ၍ ကဲ့ခဲ့ကြရာ ၁၂၉၄-ခုနှစ် ဝါဆိုလမှာ အားလုံး ညီညွတ် ကြသောကြောင့် ဆယ် ၁၀-နှစ်လုံးလုံး ကြာရှိခဲ့သည်။)

၎င်းနောက် ဝါဆိုလပြည့်ကျော် ၈-ရက်နေ့တွင် သံဃာ တော်များနှင့် မြို့ရွာလူကြီးများပါ ဘုရားအာရုံခံတန်ဆောင်း ကြီး၌ ဒုတိယအကြိမ် စည်းဝေး၍ သြဝါဒစရိယ ဆရာ တော်ကြီးများ၏ သြဝါဒကို ခံယူပြီး ဗုဒ္ဓမြတ်စွာ သာသနာ

တော်ကို အားလုံး စည်းလုံး ညီညွတ်စွာ ပြုစု အားပေးချီး မြှောက်ကြရန်အတွက် မြို့ပိုင်ကြီး ဦးမြကို နာယက, မြို့သူကြီး ဦးဘသိုက်ကို ဥက္ကဋ္ဌ အဖြစ် တင်မြှောက်၍ ဦးကျုပ်၊ ဦးဘသိန်း, ဦးလှဖေ, ဦးသက်ပေ, ဦးဘိုးအောင်စသော အမှုဆောင်လူကြီး ၂၅-ဦးတို့ဖြင့် မြောင်မြို့လုံးဆိုင်ရာ 'ပရိယတ္တိ သာသနာနုဂ္ဂဟအသင်းကြီး" ကို စတင်ဖွဲ့စည်းတည်ထောင်ပြီး (ဓမ္မဝိနယ) ပရိယတ္တိစာမေးပွဲကြီးကို နှစ်စဉ်ပြုလုပ်ကျင်းပကာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အားပေး ချီးမြှောက်၍ လာမဲ့သည်မှာ ယခု ၁၃၃၉-ခုနှစ်အထိ ၄၄-ကြိမ်မြောက် ရှိပြီ ဖြစ်ပါသည်။

ရင်းပြင် နိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာဝင် ကျောင်းသူ ကျောင်းသားကလေးများသည် နွေရာသီ ကျောင်းပိတ်ရက်များတွင် လေ့လာသင်ကြားပြီး ဝင်ရောက်ဖြေဆို၍ ဘာသာ သာသနာယဉ်ကျေးမှုဆိုင်ရာ ဗဟသုတမင်္ဂလာဖြစ်ကြစေခြင်း အကျိုးငှါ ဤ "ဗုဒ္ဓဘာသာ အခြေခံကျမ်း" ကို သံဃ အဖွဲ့ကြီးမှ ဆရာတော်များ အထူးစီစဉ်၍ရိုက်နှိပ်ပြီး ဗုဒ္ဓသာသနာပြု (ဓမ္မဝိနယ) ပရိယတ္တိစာမေးပွဲကြီးတွင် ထည့်သွင်း ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်ပါသည်။

ရင်းပြင် သုတ္တန်, ဝိနည်းနှင့် အဘိဓမ္မာများ ပါရှိသော စာမေးပွဲကြီးအတွက် ဖြေဆိုရန် ဘာသာရပ် ၁၇-မျိုး ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စာမေးပွဲ စည်းကမ်းချက်များကို ဤ "ဗုဒ္ဓဘာသာ အခြေခံကျမ်း" ၏ နောက်ပိုင်းမှာအများသိရှိရန်အတွက် ထည့်သွင်းဖော်ပြထားပါကြောင်း။

အကျိုးတော်ဆောင်

လက်ဆိုင်ရာ ဒကာများသို့—

အထူး မေတ္တာရပ်ခံပါသည်- ဗုဒ္ဓဘာသာ အခြေခံကျမ်း တွင် ထည့်သွင်းရိုက်နှိပ်ရန် အခြေခံ နိဒါန်းနှင့်တကွသော စာမူ အားလုံးကို အဖစအရာရာ ကောင်းမွန်မှန်ကန်အောင် လိုအပ် သလို ဖြည့်စွက်ပြင်ဆင်ပြီး ရိုက်နှိပ်ရန် အထူး သတိပေး မေတ္တာရပ်ခံပါသည်။

အားလုံးကိုယ်စိတ်နှစ်ဖြာချမ်းသာကောင်မှကြပါစေသော်။

အကျိုးတော်ဆောင်
သြဝါဒိနုသာသနကသံဃာအဖွဲ့
မြောင်မြို (စစ်ကိုင်းတိုင်း)။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကို
ထိရောက်အောင် အားပေး ချီးမြှောက် ကြရန်အတွက်
အထူး သတိပေး နှိုးဆော်ခြင်း

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။ ။"သာသနံ နာမ ဟောတိ တီဝိဓံ ပရိယတ္တိပဋိပတ္တိပဋိဝေဓဝသေန"·ဟု အဋ္ဌကထာတို့၌ လာရှိသည်အရ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ပရိယတ္တိ (သိမှု) သာသနာ၊ ပဋိပတ္တိ (ကျင့်မှု) သာသနာ၊ ပဋိဝေဓ (ရမှု) သာသနာဟူ၍ ၃-ပါး အပြားရှိ၏၊ သီလသာသနာ သမာဓိသာသနာ ပညာသာသနာ·ဟူသော သာသနာတော် ၃-ပါးလုံးတို့သည် ပဋိပတ္တိ (ကျင့်မှု) သာသနာမှာ အတွင်း ဝင်၏။

ထိုသာသနာ ၃ - ပါးတို့တွင် ပရိယတ္တိ သာသနာသည် သိမှုကိစ္စ, ပဋိပတ္တိသာသနာသည် ကျင့်မှုကိစ္စ, ပဋိဝေဓသာသနာသည် ရမှုသုခ၊ ရမှုသုခသည် ကျင့်မှုကိစ္စရှိမှ ရနိုင် ဖြစ်နိုင်သည်၊ ကျင့်မှုကိစ္စသည် သိမှုကိစ္စရှိမှ ဖြစ်နိုင်သည်၊ သို့ဖြစ်၍ .....ပရိယတ္တိသိမှုသာသနာသည် သာသနာတော် ၃-ရပ်တွင် (သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ။ပ။ တသ္မာ ပရိယတ္တိ-ယာ ဌိတာယ သာသနံ ဌိတံ ဟောတိ·ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ ဗဟုဓာတုကသုတ်၌ လာရှိသည်အရ) အရေးကြီး သော အရင်းခံမူလ ပဓာန အကြောင်းရင်း ဖြစ်၍ နေသော ကြောင့် ပရိယတ္တိ (သိမှ) သာသနာကို ထိရောက်အောင် အထူး သတိထား ပြုပြင်၍ အားပေး ချီးမြှောက်ကြရန် သင့် ပေသည်။

သာသနာတော် ၃-ပါး ဥပမာ

သာသနာတော် ၃-ပါးတို့တွင် ပရိယတ္တိ (သိမှု) သာသနာသည် ကန်ဘောင်ကန်ရိုးနှင့် တူ၏၊ ပဋိပတ္တိ (ကျင့်မှု) သာသနာသည် ရေနှင့်တူ၏၊ ပဋိဝေဓ (ထမှု) သာသနာသည် ကြာနှင့်တူ၏၊ ကြာသည် ဖရိုမှ ပေါက်နိုင်သည်၊ ရေသည် ကန်ဘောင်ကန်ရိုး ကောင်းမွန်ခိုင်ခံ့မှ တည်ရှိနိုင်သည်၊ သို့ဖြစ်၍.... ကန်ဘောင်ကန်ရိုးနှင့်တူသော ပရိယတ္တိ (သိမှု) သာသနာတော်ကို ထိထောက်အောင် အထူးသတိထား ပြုပြင်၍ အမျိုးမျိုး ပြုစု အားပေး ချီးမြှောက်တော် မူကြပါရန် ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား အထူးသတိပေး နှိုးဆော်အပ်ပါသည်။

သာသနာတော်ကို ချီးမြှောက်နည်း

ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ချီးမြှောက်ပုံ ချီးမြှောက်နည်း အမျိုးမျိုးရှိရာတွင် ပရိယတ္တိစာမေးပွဲ စာပြန်ပွဲသဘင် ဆင်ယင်ကျင်းပ၍ လှူဒါန်း အားပေး ချီးမြှောက် ကြရခြင်းသည်—

၁။ လောကုတ္တရာ ပညာရေးကို တိုက်ရိုက် အားပေးချီး မြှောက်ရသည် မည်ခြင်း။

၂။ တရားတော်မြတ်ကို ပူဇော်လှူဒါန်းချီးမြှောက်ရသည် မည်ခြင်း။

၃။ ပရိယတ္တိ (သိမှု) သာသနာတော်ကို တိုက်ရိုက် အားပေးချီးမြှောက်ရသည် မည်ခြင်း။

၄။ ဘယ်ရဟန်း ဘယ်သာမဏေ-ဟု ပုဂ္ဂိုလ်စဲ့ ဂိုဏ်းစဲ့ မထားမရှိမူ၍ (သက္ကာယဒိဋ္ဌိ ခေါ် အတ္တဒိဋ္ဌိကို ပယ်

ခွါပြီး) လှူဒါန်း ပူဇော် ချီးမြှောက် ရသည့်အတွက် အလှန် အကျိုးကြီး မြတ်သော (သံဃိက) ဒါနမျိုးကို လည်း ပေးလှူရသည် မည်ခြင်း-

စသော အကြောင်းထူး ဝိသေသအကျိုးထူး မဟပ္ပလတို့ ကြောင့် လောကုတ္တရာပညာရေးကို (ပညာပါရမီဖြစ်အောင်) မိမိတို့ သဒ္ဓါစိုမ်းအား၌သလောက် အထူးကြိုးစား၍ လှူဒါန်း ချီးမြှောက်ကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

သံဃာတော် ၁-ပါးစာ လှူဒါန်းရန်

ဂုဏ်ပြင် သံဃာ့အဖွဲ့ကြီး၏ ဆုံးဖြတ်ချက်အရ အားလုံး သော ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား သတိပေး မေတ္တာ ရပ်ခံလိုသည်မှာ မိမိတို့ ရပ်ရွာဒေသ၌ သာမန်နာမ် သုမင်္ဂလ ဒုမင်္ဂလ ကံစွဲရှိသောအခါ တရားတော်မြတ်ကို ပူဇော်လှူဒါန်း ချီးမြှောက်သော အားဖြင့် အနည်းဆုံး သံဃာ ၁-ပါးစာ (မြောင်မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းကြီး အား) ဗုဒ္ဓသာသနာပြု စာမေးပွဲကြီးအတွက် မပျက်မကွက် လှူဒါန်းတော်မူကြ၍ သာသနာပြု ကုသိုလ်ထူးကို ပြုလုပ် ဆည်းပူးတော်မူကြပါရန် အများအကျိုး သာသနာတော် အကျိုးကို ရှေးရှု၍ အထူး သတိပေး နှိုးဆော် မေတ္တာရပ်ခံ အပ်ပါကြောင်း။

အကျိုးတော်ဆောင်
သြဝါဒါနုသာသက သံဃာ့အဖွဲ့ကြီး
မြောင်မြို့ (စစ်ကိုင်းတိုင်း)။

ဗုဒ္ဓဘာသာ အခြေခံကျမ်း

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
၁။ အကြောင်းပြုနိဒါန်း	.... က
၂။ အထူး သတိပေးနှိုးဆော်ခြင်း	.... ဈ
၃။ ကန်တော့ခဏ်းနှင့် ဆုတောင်း	.... ၁
ကန်တော့ခဏ်းနှင့် ဆုတောင်းခဏ်းလာ အဓိပ္ပါယ်နှင့် လက်ဝဆောင်ပုဒ်များ	.... ၂
သူတော်ကောင်းတို့အား ပြစ်မှားမိက ပစ္စက္ခဘဝဋ်ပင် ဒဏ် ၁၀-ပါး ကျရောက် တတ်ပုံ မဃဒေဝလက်ာများ	.... ၄
ဒုစရိုက်, သုစရိုက်, ပုညကြိယဝတ္ထုတို့၏ လက်ာဆောင်ပုဒ်များ	.... ၆
၄။ သီလခဏ်း	.... ၉
သရဏကုံနှင့် သီလတောင်း ပါဠိ	.... ၉
သရဏကုံနှင့် သီလတောင်း အနက်	.... ၁၀
သိက္ခာပုဒ် ၅-ပါး အနက်	.... ၁၃
သိက္ခာပုဒ်အင်ာနှင့် ပယောဂပြ ပါဠိများ	.... ၁၄
သိက္ခာပုဒ်အင်ာနှင့် ပယောဂပြ အနက်များ	.... ၁၅
သီလဏ်းလာ လက်ာဆောင်ပုဒ်များ	.... ၁၈

အကြောင်းအရာ		စာမျက်နှာ
၅။	ကန်တော့ခဏ်းနှင့် ငါးပါးသီလအဓိပ္ပါယ် အမေးအဖြေ	၂၇
၆။	ရတနာသုံးပါး ဂုဏ်တော်ခဏ်း	၄၅
	ဘုရားဂုဏ်တော် ၉-ပါး ပါဋိ-အနက်	၄၅
	တရားဂုဏ်တော် ၆-ပါး ပါဋိ-အနက်	၄၈
	သံဃဂုဏ်တော် ၉-ပါး ပါဋိ-အနက်	၄၉-၅၀
၇။	မင်္ဂလသုတ် ပါဋ္ဌ, အနက်, အဓိပ္ပါယ်	၅၃
	မင်္ဂလသုတ် ပါဋိ	၅၃
	မင်္ဂလသုတ် အနက်	၅၆
	မင်္ဂလာတရား ၃၈-ပါးအဓိပ္ပါယ်	၆၄
၈။	သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ် လင်္ကာနှင့် အဓိပ္ပါယ်များ....	၆၈
	သား, သမီးကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၆၈
	မိဘကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၆၉
	တပည့်ကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၆၉
	ဆရာကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၇၀
	လင်ကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၇၁
	မယားကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၇၁
	မိတ်ဆွေကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၇၂
	မိတ်ပြန်ကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၇၃
	ကျွန် အစေခံကျင့်ဝတ် လင်္ကာ, အဓိပ္ပါယ်	၇၄

အကြောင်းအရာ		စာမျက်နှာ
	အရှင်သခင်ကျင့်ဝတ် လက်ာ, အဓိပ္ပါယ်	၂၄
	ဒါယကာကျင့်ဝတ် လက်ာ, အဓိပ္ပါယ်	၂၅
	ရဟန်းကျင့်ဝတ် လက်ာ, အဓိပ္ပါယ်	၂၅
	ဥစ္စာပျက်ကြောင်းတရား လက်ာ,အဓိပ္ပါယ်	၂၆
	ကြီးသူကျင့်ဝတ် လက်ာ, အဓိပ္ပါယ်	၂၇
	အရပ်ခြောက်ပါး လက်ာ, အဓိပ္ပါယ်	၂၇
၉။	ဓမ္မစကြာပါဠိတော်	၂၉
၁၀။	ဓမ္မစကြာ နိဿယ	၉၁
၁၁။	အနတ္တလက္ခဏသုတ် ပါဠိတော်	၁၁၉
၁၂။	အနတ္တလက္ခဏသုတ် နိဿယ....	၁၂၅
၁၃။	အဘိဏှသုတ် ပါဠိ နိဿယ	၁၄၉
၁၄။	မြောင်မြို စာမေးပွဲကြီးအတွက် ပြင်ဆင် ပြဋ္ဌာန်းချက် ကျမ်းစာများ	၁၅၂

ဗုဒ္ဓဘာသာအခြေခံကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကန်တော့ခဏ်း

ကန်တော့ရန်

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးတို့ဖြင့် သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ် သုံးပါးတို့ကို အရိုအသေ အလေး အမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဆုတောင်း

ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိ တရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာ ဖြစ်၍ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

အခြေခံကျမ်း ၁—ပ-မ-သ-၁

ကန်တော့ခက်းနှင့် ဆုတောင်းခက်းလာ အဓိပ္ပါယ် ဆောင်ပုဒ်များ

ဩကာသ ဆောင်ပုဒ်

ဩကာသ ဟူသည်၊ ဓိပ္ပါယ်မည်၊ တောင်းသည့်ခွင့်ပေးရန်။

ရှိခိုးဏာဒ် ပြည့်စုံစေရမည့် အင်္ဂါပြဆောင်ပုဒ်

၁။ ဒူးစုံလက်စုံ၊ နဖူးတုံ၊ တည်ကုန်မြေမှာ ငါးအင်္ဂါ။
၂။ ခြေလက် နဖူး၊ တတောင်ဒူး၊ ငါးဦးတည်မြေမှာ။
၃။ ပဋိသန္ဓိ၊ မြတ်သုတ်သီ၊ နှစ်မည်ကျမ်းတော်လာ။

အပါယ်လေးပါး ဆောင်ပုဒ်

၁။ ငရဲ တိရစ္ဆာန်၊ ပြိတ် အသုရကာယ်၊ ထိုလေးသွယ်၊ အပါယ် ဟူ၍မှတ်။

အပါယ် ၄-ပါးတွင် ပါဝင်သော ငရဲရှစ်ထပ် ဆောင်ပုဒ်

၁။ သိဉ္ဇုဝ်း ကာလ၊ သံဃာတ၊ ဒွယ ရောရဝ၀ါ။
၂။ တာပန ဒဋ္ဌ၊ အဝီစိ၊ တည်ရှိ ငရဲရှာ။
၃။ အကုသလ၊ ပို့စေက၊ ရောက်ရ ထိုသည်ရှာ။

ကပ် ၃-ပါး ဆောင်ပုဒ်

၁။ ရောဂန် သတ္ထ၊ ဒုဘ္ဘိက္ခ၊ သုံးဝ ကပ်အပြား။
၂။ ကုသိုလ်ပြုက၊ ဆုပန်ကြ၊ လုံးဝ လွတ်စေသား။ (အကျဉ်း)

မှတ်လောဤသို့၊ လူတို့လောဘ၊ ကြီးကာလ၌၊ ဒုဗ္ဘိက္ခဘေး၊ ငတ်မွတ်ရေးကြောင့်၊ ရိုးဖွေးတောင်မျှ၊ ပျက်စီးကြ၏။

ဒေါသတရား၊ ပွါးလတ်သောခါ၊ ဓားမို ရွာသို့၊ သတ္တဝါလူပုံ၊ ပြောဟုန်အမျက်၊ စစ်မက်ပြိုင်ခင်း၊ လက်နက်ကျင်း၍၊ ချင်းချင်းသတ်ကြ၊ သွေးချောင်းကျ၏။

မောဟလွန်ငြား၊ ဘီလူးစားသို့၊ ထူးပြားရောဂါ၊ ဝေဒနာဖြင့်၊ များစွာကပ်ရောက်၊ သေပျောက်လူရှင်၊ ထူပြောဖျင်၏။ (အကျယ်)

ရပ်ပြစ်ရှစ်ပါး ဆောင်ပုဒ်

ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါး၊ သရုပ်တည်း။ (ရတနာ့ဂုဏ်ရည်မှ)

ရန်သူမျိုးငါးပါး ဆောင်ပုဒ်

၁။ ရေမီး မင်းခိုး၊ မချစ်နိုး၊ ငါးမျိုးရန်သူမှတ်။

၂။ သတိ ပညာ၊ ဝီရိယာ၊ မှန်စွာလွတ်စေတတ်။

ဝိပတ္တိလေးပါး ဆောင်ပုဒ်

၁။ ကာလ ဂတိ၊ ဥပဓိ ပယောဂ၊ ထိုလေးဝ၊ မှတ်ကြ ဝိပတ္တိ။

၂။ ဝိပတ္တိများ၊ တွေ့ကြုံငြား၊ ကောင်းစား ဘယ်မရှိ။

ဗျသနငါးပါး ဆောင်ပုဒ်

ဉာတိ ဘောဂ၊ ရောဂ သီလာ၊ ဒိဋ္ဌိပါ၊ ငါးဖြာ ဗျသန။

မဂ် ဖိုလ် နိဗ္ဗာန် ဆောင်ပုဒ်

၁။ မဂ်ဆိုအကြောင်း၊ ၎င်းနောက်တွင်၊ အကျိုးလျှင်၊ ဖိုလ်ပင်
မှတ်ကုန်ဘိ။
၂။ တဆဲ့ဘသီး၊ ထိန်ထိန်ငြီး၊ အပြီး တောက်လောင်၏။
၃။ မီးတို့ငြိမ်းရာ၊ နိဗ္ဗူတာ၊ မှန်စွာအေးမြ၏။
၄။ ဒုက္ခကြောက်သူ၊ များဗိုလ်လူ၊ နည်းယူဆုတောင်းဘိ။

ကုသိုလ်ပြုက ဆုတောင်းရန် ဆောင်ပုဒ်

၁။ ကုသိုလ်ပြုက၊ ဆုပန်ရ၊ မုချကျမ်းဂန်ထွက်။
၂။ ဆုပန်သလို၊ ရ၏ဆို၊ ထိုထိုသုတ္တန်မြွက်။
၃။ ဆုပန်ကြမှ၊ နိဗ္ဗာန၊ နိစ္စ အေးငြိမ်းချက်။

သူတော်ကောင်းတို့အား ပြစ်မှားမိက ပစ္စက္ခဘဝ၌ပင် ဒဏ် ၁၀-ပါး ကျရောက်တတ်ပုံ မဃဒေဝလက်ာ

အပြစ်ကင်းစွာ၊ နိပ္ပရာဓ၊ ဒေါသမဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားဘုံက၊ မိုးပေါ်လကို၊ စိတ်ကငြူစူ၊ ပစ်သောမြူသည်၊ ပစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီးမျိုရှောင်း၊ မိကျောင်းသစ်ကျား၊ ဖမ်းစားဘီလူး၊ ရေကူး လှေမှောက်၊ စိတ်နောက်သွေးအန်၊ စက်ပျံမိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်၊ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊

ကျိုးပျက်အင်္ဂါ၊ နှုနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရှေငွေကုန်း၊ ယှင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လွဲသော်၊ ငရဲကြီးစွာ၊ လားတို့ရာ၏။

အရိယာသူမြတ်တို့အား ပြစ်မှားက အရိယူပဝါဒကံထိုက်၍
ကန်တော့တောင်းပန်က ပျောက်ငြိမ်းနိုင်ပုံ
မဃဒေဝလင်္ကာ

အရိယာစစ်၊ ဖြစ်သားတမူ၊ မြတ်သောသူကို၊ အရိယူပဝါ၊ ယုတ်မာစကား၊ဒေါသအားဖြင့်၊ ပြစ်မှားခွတ်လွဲ၊ စွပ်စွဲဖရိသ်၊ ဆဲဆိုခုတ်သား၊ ကြမ် ကြုတ်ဝစန၊ နှုတ်ဓားမလည်း၊ သူများ ကိုယ်မှာ၊ အရာမရှိ၊ မိမိကိုယ်သာ၊ ဖြစ်တတ်စွာ၏။ အရိယာ ပြစ်မှား၊ ဆိုးဝါးမိုက်ညစ်၊ ထိုကံပြင်းကား၊ စင်ငင်ကြီးမား၊ ဟူတုံငြား၏၊ ပြစ်မှားသူထံ၊ ကျိုးနွံခယ၊ တောင်းပန်ကလည်း၊ ပျောက်ပစမြဲ၊ မလွဲကန်၊ မတောင်းပန်က၊ သွေလှန်ထုတ် ချောက်၊ ငရဲရောက်၏၊ မီးလောက်ထင်ငြား၊ သူမြတ်များကို၊ မမှားအပ်စွာ၊ ရှင်းတို့ရာ၏။

အပြစ်မဲ့ဘီ သီလရှိက လူသားကို မဆိုထားနှင့် တိရစ္ဆာန်ပင်
ဖြစ်ငြားသော်လည်း ပြစ်မှားက အပြစ်ကြီးကျယ်ပုံ
မဃဒေဝလင်္ကာ

အရိယာစစ်၊ မဟုတ်ဖြစ်စေ၊ အပြစ်မဲ့ဘီ၊ သီလရှိသား၊ တိရစ္ဆာန်၊ အဟိတ်မျှလည်း၊ ဒေါသအမူ၊ ပြစ်မှားပြုက၊ ယခု ဘဝ၊ ဤဒိဋ္ဌပင်၊ ဒုက္ခပြစ်ဆိုး၊ မကောင်းကျိုးဖြင့်၊ မိုးကြိုး ပေလောင်မီး၊ ကျပျက်စီးရှင့်၊ အတီးရှေးခါ၊ တောဟောမဘဝယ်၊

ပညာဇာတိ၊ မွေးကျိုးသိ၍၊ မွေးမိမွေးကြ၊ နန္ဒိယဟု၊ ရွယ်လှ ဆင်းရောင်၊ မျောက်ညိုနောင်ကို၊ နှစ်ကောင်လုံးပင်၊ ပစ်သတ် ကျင့်၍၊ အိမ်တွင်အသီး၊ လောင်မီးကျခြား၊ သမီးသားနှင့်၊ မယားလည်းကောင်း၊ ကိုယ်ပါပေါင်း၍၊ အလောင်းလေးခု၊ တစုတည်းသာ၊ ဖုတ်ရစွာ၏။

ဒုစရိုက် ၁၀-ပါး ဆောင်ပုဒ်များ

ကာယဒုစရိုက် ၃-ပါး

၁။ ပါ ဒိန် ကာမေ၊ ထိုသုံးထွေ၊ မှတ်လေ ကာယကံ။
(အကျဉ်း)

၂။ ပါဏာတိပါတ်၊ သူသက်သတ်၊ ခိုးလတ် အဒိန္နာ။

၃။ သူ့လင်မယား၊ ကျူးလွန်ခြား၊ ပြစ်မှားကျင့်မိစ္ဆာ။
(အကျယ်)

ဝစီဒုစရိုက် ၄-ပါး

၁။ မု ပိ ဖရုသ် သမ်၊ ထိုလေးတန်၊ မှတ်ရန် ဝစီကံ။
(အကျဉ်း)

၂။ မဟုတ်မတရား၊ လိမ်လည်ခြား၊ မှတ်သား မုသာကံ။

၃။ သူနှစ်ဦးကြား၊ ကုံးတိုက်ခြား၊ မှတ်သား ပိသုဏ်။

၄။ ကြမ်းတမ်းအသံ၊ ဆဲရေးပြန်၊ မှတ်ရန် ဖရုသ်။

၅။ သိမ်ဖျင်းစကား၊ ကျိုးမပွါး၊ မှတ်သား သမ္ဖပ္ပလံ။
(အကျယ်)

မနောဒုစရိုက် ၃-ပါး

၁။ ဘိဇ္ဈာ ဗျာ ဒိဋ္ဌိ၊ သုံးပါးရှိ၊ မှတ်သိ မနောကံ။ (အကျဉ်း)

၂။ သူ့ပိုင်နက်ကို၊ကိုယ့်ဘက်ညွတ်စေ၊တောင့်တပေါ့မှတ်လေ
အဘိဇ္ဈာ။

၃။ သူတပါးအား၊ရန်ငြိုးထားပေ၊အသေတောင့်တ၊ပြုတုံးက၊
မှတ်ကြ ဗျာပါဒါ။

၄။ အကျင့်ကဲပြား၊ အယူမှား၊ မှတ်သား ဒိဋ္ဌိပါ။(အကျယ်)

သုစရိုက် ၁၀-ပါး ဆောင်ပုဒ်

၁။ ဒုစရိုက်ဆယ်ပါး၊ ရှောင်ကြဉ်ပြား၊ မှတ်သား သုစရိုက်။

၂။ ရှေခုနစ်ဖြာ၊ ဝိရတိသဘ၊ ထည့်ကာ ရေတွက်လိုက်။

၃။ အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ နောက်သုံးထည့်၊
မှက်သည့် ဆယ်ပါးကိုက်။

ဒုစရိုက်, သုစရိုက် အကျယ် ၄၀-ဖြစ် ဆောင်ပုဒ်

ဒုစရိုက်နှင့်၊ သုစရိုက်ပြို၊ ထိုဆယ်ခိုင်ကို၊ကိုယ်တိုင်ပြုငြား၊
သူများတိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ဤလေးဆူ၊ မြောက်မူ
လေးဆယ်ဖြစ်။

ပုညကြိယဝတ္ထု ၁၀-ပါး ဆောင်ပုဒ်

၁။ ဒါန သီလ၊ ဘာဝနှင့်၊ အပစာယန၊ ရိုသေစွာ၊
ဝေယျာဝစ္စ ဖြင့်။

၂။ ပတ္တိဒါန၊ အမျှပေးဝေ၊ ခေါ်လေသဘု၊ ပတ္တာနုမောဒနာ၊
ဟောလေသမျှ၊ နာယူက၊ ဓမ္မဿဝန သင့်။

၈ ဗုဒ္ဓဘာသာ အခြေခံကျမ်း

၃။ ကိုယ်တိုင် ဟောပြ၊ ဓမ္မဒေသနာ၊ ဖြောင့်စွာယူမှု၊ ဒိဋ္ဌ-
ဇုကမ်၊ ဤဆယ်တန်၊ မှတ်ရန် အဆင့်ဆင့်။

ပုညကြိယဝတ္ထု၂ ၁၀-ပါးမှ အကျဉ်း ၃-ပါးဖြစ် ဆောင်ပုဒ်

၁။ ဒါန သီလ၊ ဘာဝနာ၊ သုံးဖြာ စဉ်ချိခင်း။

၂။ စ နှစ်ကို လယ်၊ လယ်-နှစ်ကို စ၊ နောက်မှ နောက်ချင်း
သွင်း။

(သုစရိုက် ၁၀-ပါးနှင့် ပုညကြိယဝတ္ထု၂ ၁၀-ပါး
လက်ံတို့ကို ဗုဒ္ဓဘာသာလက်စွဲမှ ကူးယူ ဖော်ပြ
ပါသည်။)

သီလခန်း

သရဏာဂုံနှင့် သီလတောင်း ပါဠိ

၁။ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ မမံ
ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။
၂။ ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ
မမံ ယာစာမိ၊အနုဂ္ဂဟံ ကတ္ဝာ သီလံဒေထ မေ ဘန္တေ။
၃။ တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ
မမံ ယာစာမိ၊အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေဘန္တေ။
(ယမဟံ ဝဒါမိ တံ ဝဒေထ။ ရဟန်းတော်ဆို)
အာမ ဘန္တေ။

ပဏာမ ပါဋိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သရဏဂုံ ၃-ပါး ပါဋိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(တိသရဏဂမနံ ပရိပုဏ္ဏံ။ ရဟန်းတော်ဆို)
အာမ ဘန္တေ။

သိက္ခာပုဒ် ၅- ပါး ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိ-
ယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ
သမာဒိယာမိ။

(တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတ္ဂာ
အပ္ပမာဒေန သမ္ပာဒေထ။ ရဟန်းတော်ဆို)
အာမ ဘန္တေ။

သရဏဂုံနှင့် သီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တက္ဂ။ ပဉ္စသီလံ၊ ငါးပါးသီလ တည်းဟူသော။ ခမ္မံ၊ သိက္ခာပုဒ်တော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတ္ဂာ၊

ပြုတော်မူ၍။ သီလံ၊ ငါးပါးသီလကို။ ဒေထ၊ ပေးတော်မူပါ ကုန် အရှင်ဘုရား။

ဒုတိယမိုး၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တက္ခ။ ပဉ္စသီလံ၊ ငါးပါးသီလ တည်းဟူသော။ ဓမ္မံ၊ သိက္ခာပုဒ်တော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြောက်ခြင်းကို။ ကတ္ဝာ၊ ပြုတော်မူ၍။ သီလံ၊ ငါးပါးသီလကို။ ဒေထ၊ ပေးတော်မူပါကုန် အရှင်ဘုရား။

တတိယမိုး၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တက္ခ။ ပဉ္စသီလံ၊ ငါးပါးသီလ တည်းဟူသော။ ဓမ္မံ၊ သိက္ခာပုဒ်တော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြောက်ခြင်းကို။ ကတ္ဝာ၊ ပြုတော်မူ၍။ သီလံ၊ ငါးပါးသီလကို။ ဒေထ၊ ပေးတော်မူပါကုန် အရှင်ဘုရား။

(ယုံ ဝစနံ၊ အကြင်စကားကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ တံဝစနံ၊ ထို ငါဆိုသောစကားကို။ ဝဒေထ၊ လိုက်၍ ဆိုကြကုန်လော့။)

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဩော် ကောင်းပါပြီ အရှင်ဘုရား။

၂ ရုပ်ဖြ

ပဏာမ အနက်

အရဟာတော၊ ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် အမှန်ကိုယ်တိုင် အလုံးစုံကို သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား အား။ နမော၊ ရှိခိုးပါ၏ အရှင်ဘုရား။

သရဏကုံ ၃-ပါး အနက်

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(တိသရဏ ဂမနံ၊ သရဏကုံသုံးပါးသို့ ရောက်ခြင်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီ။)

ဘန္တေ၊ အရှင်ဘုရား။ အာဝမ၊ သြော် ကောင်းပါပြီ အရှင်ဘုရား။ (ပြည့်စုံပါပြီ အရှင်ဘုရား။)

သီက္ခာပုဒ် ၅-ပါး အနက်

၁။ ပါဏာတိပါတာ၊ သူတပါး အသက်ကို သတ်ခြင်းမှ။ ဝေရမဏိသီက္ခာပဒံ၊ ရှောင်ကြဉ်ရာသီက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိသီက္ခာပဒံ၊ ရှောင်ကြဉ်ရာသီက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာယုတ်မာသော အကျင့်မှ။ ဝေရမဏိသီက္ခာပဒံ၊ ရှောင်ကြဉ်ရာသီက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ မဟုတ်မမှန်ပြောဆိုခြင်းမှ။ ဝေရမဏိသီက္ခာပဒံ၊ ရှောင်ကြဉ်ရာသီက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၅။ မုသာဝါဒါ၊ မဟုတ်မမှန်ပြောဆိုခြင်းမှ။ ဝေရမဏိသီက္ခာပဒံ၊ ရှောင်ကြဉ်ရာသီက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ သေရည်ငါးထွေ, သေရက်ငါးပါး ယစ်မျိုးများနှင့် အစားအလောင်း မေ့လျော့ကြောင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်၊ သဟ၊ တက္ခ။ ပဉ္စသီလံ၊ ငါးပါးသီလကို။ သာဓုကံ၊ ကောင်းစွာ။ ကတ္ခာ၊ ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆ ကောင်းမြတ်သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြပါစေကုန်သော်။)

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဩော် ကောင်းပါပြီ အရှင်ဘုရား။

သိက္ခာပုဒ် ၅-ပါးတွင် ပါဝင်သော
ပါဏာတိပါတ အင်္ဂါနှင့် ပယောဂပြ ပါဋိ

ပါဏော စ, ပါဏသညိတာ၊ ဃာတစိတ္တဉ္ဇုပက္ကမော။
တေနေဝ မရဏဉ္ဇာတိ၊ ပဉ္ဇိမေ ဝဓဟေတုယော။

သာဟတ္ထိကော, အာဏတ္တိကော၊ နိဿဂ္ဂိယောစ, ထာဝရော။
ဝိဇ္ဇာမယော, ဣဒ္ဓိမယော၊ ပယော ဂါ ဆယိ မေ မတာ။

အဒိန္နာဒါန အင်္ဂါနှင့် ပယောဂပြ ပါဋိ

ပရဿ သံ တထာသညီ၊ ထေယျစိတ္တဉ္ဇုပက္ကမော။
တေန ဟာရောတိ ပဉ္ဇင်္ဂါ၊ ထေယျဿ ယတနာ သမာ။

ကာမေသုမိစ္ဆာစာရ အင်္ဂါနှင့် ပယောဂပြ ပါဠိ

စတ္ထုံ, အင်္ဂမနီယဉ္စ၊ တသ္မိံ သေဝနစိတ္တတာ။
ပယောဂေါ မဂ္ဂေန မဂ္ဂ-ပဋိပတ္တိဒေါသနံ။
ဣတိ ကာမဿ စတ္တာရော၊
ပယောဂေ ကော သာဟတ္ထကော။

မုသာဝါဒ အင်္ဂါနှင့် ပယောဂပြ ပါဠိ

မုသာဿ အတထံ ဝတ္ထု၊ ဝိသံဝါဒနစိတ္တတာ။
တဒ္ဇော ဝါယာမော ပရဿ၊ တဒတ္ထဇာနနံ ဣတိ။
သမ္ဘာရာ စတုရော ဟောန္တိ၊
ပယောဂေကော သာဟတ္ထိကော။
အာဏတ္တိက နိဿဂ္ဂိယ-ထာဝရုပိ စ ယုဇ္ဇရေ။

သုရာပါန အင်္ဂါပြ ပါဠိ

တဿ စတ္တာရော သမ္ဘာရာ သုရာဒိအညတရတာ, ပါတုကာမော, ပိတံ, မဒ္ဒနန္တိ။

ပါဏာတိပါတ အင်္ဂါနှင့် ပယောဂပြ အနက်

(၁) ပါဏော စ၊ သတ်အပ်သော သတ္တဝါဂုဏ်း။ (၂) ပါဏ သညိတာ၊ သတ္တဝါဟု မှတ်ခြင်းဂုဏ်း။ (၃) ဃာတစိတ္တံ၊ သတ်ကြောင်းစိတ် (သတ်လိုသောစိတ်ရှိခြင်း) ဂုဏ်း။ (၄) ဥပက္ကမော၊ သတ်ခြင်း လုံ့လဂုဏ်း။ (၅) တေနေဝ၊ ထိုလုံ့လကြောင့်သာလျှင်။ မရဏံ၊ သေခြင်းဂုဏ်း။ ဣတိ ဤမေ ပဉ္စ၊ ဤငါးပါးတို့သည်။ ဝဓေဟေတုယော၊ ပါဏာတိပါတက်၏ အကြောင်းအင်္ဂါတို့တည်း။

(၁) သာဟတ္ထိကော၊ ကိုယ်တိုင်သတ်ခြင်း။ (၂) အာဏာတ္တိကော၊ စေခိုင်းခြင်း။ (၃) နိဿဂ္ဂိယော၊ လက်လွှတ်ပစ်ခတ်ခြင်း။ (၄) ထာဝရော၊ မြဲသော မား လုံ စသည် ပြုလုပ်ခြင်း။ (၅) ဝိဇ္ဇာမယော၊ အင်း,အိုင်, ရိပ်ဖမ်း,သံဖမ်း ရုပ်ထား, နာမ်ဆား, မန္တန်, ဒဏ်ပြန် အတတ်စသည်ဖြင့် သတ်ခြင်း။ (၆) ဣဒ္ဓိမယော၊ အစွယ်ခေါက်ခြင်း, မျက်စောင်းဆိုးခြင်းစသော ကမ္မဝိပါကဇ တန်ခိုးဖြင့် သတ်ခြင်း။ ဆ၊ ခြောက်ပါးကုန်သော။ ဤမေ ပယောဂါ၊ကျိလုံ့လတို့ကို။ မတာ၊ သိအပ်ကုန်၏။

အဒိန္နာဒါန အင်္ဂါနှင့် ပယောဂပြအနက်

(၁) ပရဿ၊ သူတပါး၏။ သံ၊ သိမ်းဆည်းအပ်သော ဥစ္စာ။ (၂) တထာသညီ၊ ထိုကဲ့သို့မှတ်ခြင်း၊ (၃) ထေယျစိတ္တံ၊ ခိုးခြောင်းစိတ် (ခိုးလိုသောစိတ်)။ (၄) ဥပက္ကမော၊ ခိုးခြင်းလုံ့လ။ (၅) တေန၊ထိုလုံ့လဖြင့်။ ဟာရော၊ ဆောင်ဖြစ်ခြင်း (ဆောင်ယူခြင်း)။ ဤတိ ဤမေ ပဥ္စ၊ ဤငါးပါးတို့သည်။ ထေယျဿ၊ အဒိန္နာဒါန်၏။ အင်္ဂါ၊ အကြောင်းတို့တည်း။

ယတနာ၊ လုံ့လခြောက်ပါး တို့သည်။ သမာ၊ ရှေးပါဏာတိပါတနှင့် တူကုန်၏။

ကာမေသုမိစ္ဆာစာရ အင်္ဂါနှင့် ပယောဂပြအနက်

(၁) အဂမနီယဝတ္ထု၊မသွားလာအပ်သော ဒြပ်အထည်။ (၂) တသ္မိံ၊ ထိုဒြပ်အထည်၌။ သေဝနစိတ္တာဘာ၊ မှီဝဲ

ကြောင်းစိတ်ရှိခြင်း။ (၃) ပယောဂေါ၊ လုံ့လပြုခြင်း။ (၄) မဂ္ဂေန၊ မိမိမဂ်ဖြင့်။ ဝါ၊ သူမဂ်ဝဖြင့်။ မဂ္ဂပဋ္ဌပတ္တိအဓိဝါသန်၊ သူမဂ် ဝါ-ကိုယ့်မဂ် တွင်းသို့ ရောက်သည်ကို သာယာခြင်း။ ဣတိ ဣမေ စတ္တာရော၊ ဤလေးပါးတို့သည်။ ကာမဿ၊ ကာမေသုမိစ္ဆာစာရ၏။ အင် ။ အကြောင်းတို့တည်း။

ပယောဂေါ၊ လုံ့လ ပယောဂသည်။ ဧကော သာဟတ္ထံကော၊ သာဟတ္ထိက တပါးသာတည်း။

မုသာဝါဒအင်္ဂါနှင့် ပယောဂပြ အနက်

မုသာယ၊ မုသာဝါဒ စေတနာ၏။ သမ္ဘာရာ၊ အင်္ဂါတို့ကား—(၁) အတထံ ဝတ္ထု၊ ဝတ္ထု မမှန်ခြင်း။ (၂) ဝိသံဝါဒန စိတ္တတာ၊ လှည့်စားလိုသောစိတ် ရှိခြင်း။ (၃) တဒ္ဒေါ ဝါယာမော၊ ထိုအားလျော်သော လုံ့လ။ (၄) ပရဿ၊ သူတပါး၏။ တဒတ္ထ ဇာနနံ၊ ထိုအဓိပ္ပါယ်ကို နားလည်ခြင်း။ ဣတိ၊ ဤသို့။ စတုရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပယောဂေါ၊ လုံ့လသည်ကား။ ဧကော သာဟတ္ထိကော၊ သာဟတ္ထိက တပါးသာ အင်္ဂကထာဟောင်း၌ လာ၏။ စ၊ ယင်းသို့ လာသော်လည်း။ အာဏတ္တိက နိဿဂ်ိယ ထာဝရုပိ၊ အာဏတ္တိက, နိဿဂ်ိယ, ထာဝရ သုံးပါးတို့သည်လည်း။ ယုဇ္ဇရေ၊ သင့်လျော်ကုန်သေး၏။

သုရာပါနအင်္ဂါပြ အနက်

တဿ၊ ထိုသုရာပါန၏။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ သုရာဒိအာညတရတာ၊ သုရာ စသည်တို့တွင် တပါးပါးဝင်း။ ပါတုကာ-

မော၊ သောက်လိုစိတ်ရင်း။ ပီတံ၊ သောက်ခြင်းရင်း။ မဒနံ၊ မူးယစ်မေ့လျော့ခြင်းရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေပါး ကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သီလခဏ်း

လင်္ကာ ဆောင်ပုဒ်များ

သီလတောင်း ဆောင်ပုဒ်

အဟံ ဘန္တေ၊ ပုဒ်နေ ပါဠ်စဉ်။
တပည့်တော်အား၊ သနား အစဉ်။
မြတ်သီလ ငါး၊ မြောက်ငြား အစဉ်။
သီလတောင်း၊ မှတ်ကြောင်းနောင်အစဉ်။

ပဏာမ ဆောင်ပုဒ်

နမော တဿ၊ ချကြထေရ်ရှင်။
သုံးခါထပ်လို့၊ ရွတ်ရရှင်ရှင်။
အမြတ်ဆုံးမို့၊ ညွတ်ရုံးဦးတင်။
မြတ်ဘုရား၊ ပြုငြားဝန္ဒာပင်။

သရဏဂုံ ဆောင်ပုဒ်

ရတနာမြတ်၊ သုံးမှတ်အစဉ်။
သုံးခါထပ်လို့၊ ရွတ်အပ်သည်ပင်။
ကိုးကွယ်ဆည်းကပ်၊ ထပ်ထပ်ကြည်ရှင်။
နှုတ်ဌ်လေ့၊ မမေ့ဘယ်ခါတွင်။

သိက္ခာပုဒ် ဆောင်ပုဒ်

ပါဏာတိပ၊ ဒိန္နမည်တွင်။
ကာမေသုဖြာ၊ မုသာ အစဉ်။
သုရာမေရ၊ ပဉ္စသလင်။
စဉ်မပျက်၊ မှတ်ချက် ဤသို့တင်။

ပါဏာတိပါတ အင်္ဂါပြ ဆောင်ပုဒ်

ပါဏော, ပါဏ၊ ဝဓကစိတ္တံ။
ဥပက္ကမ၊ တေန မရံ။
ပါဏာတိပ၊ ပဉ္စအင်္ဂံ။
ပြည့်စုံက၊ ထိုက်ရ ပါဏ-ကံ။

ပါဏာတိပါတ ပယောဂပြ ဆောင်ပုဒ်

မိမိလည်း သတ်၊ သူ့သတ်ခိုင်းပြန်။
လေးနှင့် ပစ်ဖောက်၊ တွင်းချောက်တူးပြန်။
အင်းအိုင်ခလှဲ့၊ ခိုးနဲ့ သတ်ပြန်။
သက်သတ်မှု၊ ခြောက်ခု ပယောဂန်။

ပါဏာတိပါတ လွှန်ကျူးခြင်း အပြစ်

ပါဏာတိမှု၊ ကျူးလွန်ပြုသော်။
နန္ဒအလား၊ နွားများ သတ်သော်။
လျှာပြတ်ကျလို့၊ ညည်းတ,ငိုအော်။
ကိုယ်ဌ်ငြိ၊ ဝီစိ မီးလျှံခေါ်။

အင်္ဂါခွါလျက်၊ မဲ့ပျက်ရုပ်သွင်။
လျင်မြန် ရဲရင့်၊ အားနှင့် ကင်းစင်။
သူသတ်ခံရ၊ မျှားလှန၁၀င်။
သက်တိုကြောင်း၊ စုပေါင်း မျှားဖြစ်အင်။

ပါဏာတိပါတ ရှောင်ကြဉ်ခြင်း အကျိုး

ပါဏာတိမှု၊ မပြုစောင့်သော်။
သမုဒ်ဝဲတွင်း၊ သက်ဆင်း ရောက်သော်။
သဘင်္ဂ၁မျောက်လု၊ သစ္စာပြုသော်။
ငယ်စဉ်က၊ စောင့်ရ ကျိုးကြောင့်နော်။
အဆင်းလှလျက်၊ အသက်ရှည်လို။
လျင်မြန် ရဲရင့်၊ အားနှင့် ကဲပို။
အသံကောင်းလို၊ နှစ်မြို့ လူဗိုလ်။
သူအသက်၊ ကိုယ့်တွက် မသေလို။

အဒိန္နာဒါန အင်္ဂါပြု ဆောင်ပုဒ်

ပရပရိ၊ ဂဟိသညာ။
ထေယျစိတ္တာ၊ ဥပက္ကမာ။
တေနာဟရ၊ ပဋ္ဌသမ္ဘာ။
ပြည့်စုံက၊ ထိုက်ရ ခိုးမှုမှာ။

အဒိန္နာဒါန ပယောဂပြု ဆောင်ပုဒ်

မိမိလည်း ခိုး၊ သူ့ခိုး စေပြန်။
ပစ်လွှင့်မမြွာက်လို၊ တွင်းချောက် အမှန်။
အင်းအိုင် တတ်မျိုး၊ တန်ခိုးနှင့် မှန်။
ခိုးယူကြ၊ လုံလ ခြောက်မျိုးမှန်။

အဒိန္နဝဒါန လွန်ကျူးခြင်း အပြစ်

ဥစ္စာလည်း မဲ့၊ ဆင်းရဲ ငတ်ပြန်။
မွေခံဆိုးနှင့်၊ ရန်မျိုး ငါးမှန်။
လူမျှားမုန်းလို့၊ ထောင်ချုံး ကေန်။
ချစ်သူကွဲ၊ ငရဲ ရောက်ရပြန်။

အဒိန္နဝဒါန ရှောင်ကြဉ်ခြင်း အကျိုး

ဥစ္စာ စပါး၊ ပေါမျှားပြည့်လို့။
ခြေရုံသင်းပင်း၊ မျှားခြင်း ထိုထို့။
မီးရေ မင်းစိုး၊ သူခိုး ရန်ကို့။
နှိုင်လိုက၊ ရှောင်ကြ ခိုးမှုကို့။

ခိုးခြင်း ၂၅-ပါး ဆောင်ပုဒ်

နာနာ ဘဏ္ဍာ၊ ကောဘဏ္ဍာ။
သာဟတ္ထိက၊ ပုဗ္ဗပယောဂါ။
ထေယျာဟာရ၊ တဝ ပဋ္ဌာ။
ပဋ္ဌက၊ မှတ်ကြ ငါးမျိုးလာ။

နာနာဘဏ္ဍ ပဋ္ဌက ဆောင်ပုဒ်

တထုးဆင်လျက်၊ ခိုးဝှက် ယူငင်။
ပခုံးထမ်းခိုက်၊ ချလိုက် ခိုးလျှင်။
အပ်နှံ မရ၊ ဝန်ချစေချင်။
ဖဝါးဆွဲ၊ ထားလေ့ပြောင်းခြင်းပင်။

၁၃၈၉

နာနာဘဏ္ဍနှင့် ကေဘဏ္ဍ အထူး

သက်ရှိ သက်မဲ့၊ ခိုးခဲ့ယူသော်။
နာနာဘဏ္ဍ၊ ပဉ္ဇကခေါ်။
သက်ရှိသက်သက်၊ ခိုးဝှက်ယူသော်။
ပဉ္ဇက၊ ကေဘဏ္ဍာနော်။

သာဟတ္ထိက ပဉ္ဇက ဆောင်ပုဒ်

ကိုယ်တိုင်လည်း ခိုး၊ သူ့ခိုး စေပြန်။
တွင်းပ နှစ်ဆင့်၊ ပစ်လွှင့် ခိုးပြန်။
ကြည်ကာခိုးဟု၊ စေမှု တဖန်။
ဘဏ္ဍာစား၊ ထိုက်ငြား ဝန်ချပြန်။

ပုဗ္ဗပယောဂ ပဉ္ဇက ဆောင်ပုဒ်

မခိုးမီ ရှေး၊ စေရေးခိုင်းချင်။
နေရာမှ ရွှေ၊ ခိုးလေ့တိုင်ပင်။
ချိန်းချက်ပြုလို့၊ ခိုးဘို့ စီရင်။
မျက်စိမှိတ်၊ လည်ညိတ် နိမိတ်ထင်။

ထေယျာဝဟာရ ပဉ္ဇက ဆောင်ပုဒ်

ချိန်တောင်းစဉ်းလဲ၊ ခိုးမြဲသပြာ။
အနိုင်အထက်၊ နှိပ်စက်ပြုကာ။
ကြုံကာဆလျက်၊ ခိုးဝှက်တဖြာ။
ကမ္ပည်းပြောင်း၊ ခိုးကြောင်း ဤသို့လာ။

ကာမေသုမိစ္ဆာစာရ အင်္ဂါပြဆောင်ပုဒ်

မသွားလာအပ်၊ ဝတ္ထုမှတ်ပါ။
မှီဝဲလိုလတ်၊ စိတ်မှတ်ကြပါ။
မှီဝဲရကြောင်း၊ စုပေါင်းလုံလော။
မှီဝဲမိ၊ ထိုက်၏ ကာမိစ္ဆာ။

ကာမေသုမိစ္ဆာစာရ၌ ပယောဂပြဆောင်ပုဒ်

ကာမေသုမှတ်၊ ကျူးလတ်ပြုလျှင်။
အားထုတ်လုံ့လ၊ မဆုရှေးပင်။
သာဟတ္ထိက၊ ဧကသာလျှင်။
ကျန်းဂန်ပြ၊ မှတ်ကြသိဘို့ပင်။

ကာမေသုမိစ္ဆာစာရကျူးလွန်ခြင်းအပြစ်

ရန်သူမျှားလို့၊ ရှားပါးလာဘ်လော။
မိန်းမပတ္တုကာ်၊ မျိုးယုတ်ခါခါ။
တိရစ္ဆာန်ဖြစ်၊ ထုတ်လစ်အတ္တာ။
ချစ်သူကဲ့၊ ငရဲရောက်ရှာ။

ကာမေသုမိစ္ဆာစာရ ရှောင်ကြဉ်ခြင်းအကျိုး

ရန်သူကင်းလို့၊ မျှားခြင်းလာဘ်လော။
ပတ္တုကာ်မိန်းမ၊ လွတ်ရပါယ်ရှာ။
ရုပ်သွင်လှလျက်၊ ပြည့်နှက်ဘဏ္ဍာ။
ချစ်သူလှ၊ ပေါင်းရဆက်တိုင်းသာ။

အဂမနီယဝတ္ထု-၂၀ ဆောင်ပုဒ်

အမိသာစောင့်၊ ဘ စောင့် နှစ်ဖြာ။
စောင့်လတ်မောင်ကာ၊ အစ်မညီမာ။
ဆွမျိုးလည်းစောင့်၊ နွယ်စောင့်စဉ်လာ။
သီတင်းသုံး၊ စောင့်အုံးမိတ်ကလျာ။
ကြင်ဖက်လောင်းစောင့်၊ မင်းစောင့်ကညာ။
ဥစ္စာပေးပြီး၊ လိုမှီးနေပါ။
စည်းစိမ်နှင့်ပျိုး၊ ပုဆိုးပေးကာ။
မိဘနှင်း၊ ဆောင်ခြင်းမင်္ဂလာ။
ခေါင်းခုချလျက်၊ မထွက်အိမ်မှာ။
မယားကျွန်ဖြစ်၊ မှုသစ်ဒါရာ။
စစ်မြေအောင်ခဲ့၊ ပေါင်းခဲ့ခဏာ။
နှစ်ကျိပ်စေ့၊ မှတ်လေ့မခဲရာ။

မုသာဝါဒ အင်္ဂါပြဆောင်ပုဒ်

မဟုတ်မှန်ဘဲ၊ ချိုလဲ့ယှင်းသွေ့။
ချွတ်ယွင်းစေခြား၊ အားပါးထုတ်ပေ။
စကားထုပ်တိ၊ ကြောင်းရပ်သိလေ။
မုသားပြော၊ ထိုက်သောအင်္ဂလေးထွေ။

မုသာဝါဒ ပယောဂပြ ဆောင်ပုဒ်

သာဟတ္ထိက၊ အာဏတ္တိကာ။
နိဿဂ္ဂိယ၊ ထာဝရ ပယောဂါ။
မုသာဝါဒ၊ ကျူးရဆောင်ဗျာ။
ပယောဂ၊ ကျမ်းပြလေးမျိုးလာ။

မုသာဝါဒ လွန်ကျူးခြင်းအပြစ်

သွားခေါက်ျလို့၊ ပုပ်မြဲဝစီ။
ကိုယ်ရေခြောက်ခန်း၊ နှုတ်ကြမ်းတမ်းပြီ။
ဣန္ဒြေနောက်၊ မရောက်သြဇီ။
စိတ်ပြန့်လွင့်၊ ကြောက်သင့်ထိုက်လှပြီ။

မုသာဝါဒ ရှောင်ကြဉ်ခြင်းအကျိုး

သွားညီညွတ်လျက်၊ နံ့သက် မွှေးလို့။
ခြောက်ပြစ်ကင်းလို့၊ နှစ်မြို့ လူဗိုလ်။
ဣန္ဒြေကောင်း၊ နာညောင်း လူထို့။
ရလိုက၊ ရှောင်ကြ မုသားဆို့။

သုရာပါန အင်္ဂါပြ ဆောင်ပုဒ်

သုရာမျိုးပြား၊ တပါးပါးပေ။
သောက်လိုစိတ်မှတ်၊ သောက်လတ်မသွေ့။
မူးယစ်မေ့ရိုး၊ လေးမျိုးအင်္ဂေါ်။
ပယောဂ၊ ကျမ်းပြသာဟတ္ထော။

သုရာပါန လွန်ကျူးခြင်းအပြစ်

ဥစ္စာပျက်ပြုန်း၊ မျှားမုန်းခိုက်ရန်။
ရောဂါပေါလို့၊ ကျော်စောမဲ့ပြန်။
အရှက်ကြောက်ကင်း၊ ဖြစ်ယွင်းခုဖန်။
သေလွန်က၊ ရောက်ရင်ရဲမှန်။

သုရာပါန ရှောင်ကြဉ်ခြင်းအကျိုး

ပညာထက်မြက်၊ တိုးတက်ဥစ္စာ။
သတိမြဲလို့၊ ဖြောင့်မြဲဒိဋ္ဌာ။
ရှုံးသွတ်ကင်းလျက်၊ နှစ်သက်သူပါ။
နီဗွာန်ရောက်၊ မြားမြောက်ကျိုးတွေ့ဖြာ။

သုရာ, မေရယ အပြားဆောင်ပုဒ်

ပိဋ္ဌ ပူဝ၊ သြဒန၊ ကိဏ္ဏ သမ္ဘာရာ။
ပုပ္ပါ ဖလ၊ မဓွာသဝ၊ ဂုဋ္ဌ သမ္ဘာရာ။
သုရာ ငါးဝ၊ မေရယ၊ ပဋ္ဌ ထို့တူသာ။
ယစ်စေ မူးစေ၊ ဤနှစ်ထွေ၊ ခေါ်လေ မဇ္ဇသာ။

ကန်တော့ခဏ်းနှင့် ငါးပါးသီလအဓိပ္ပါယ်

အမေး-အဖြေ

မေး။ ။ဩကာသ-အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ။ဩကာသ-ဟူသည် အခွင့်တောင်းခြင်း ဖြစ်ပါသည်။

မေး။ ။ဘုရား ရတနာ၌ အဘယ့်ကြောင့် ဘုရားဟု ခေါ်ဆိုရသည်ကို ပြဆိုပြီးလျှင် ဘုရား-အရှင့်ရတနာ မည်ခြင်းအကြောင်းကိုလည်း ဖော်ပြလိုက်ပါ။

ဖြေ။ ။သစ္စာလေးပါး တရားကို သိတတ်သောကြောင့် ဘုရားဟု ခေါ်ပါသည်။

ဘုရား-အရ ကိလေသာဘို့မှ အထူးသဖြင့်စင်ကြယ်သော ခန္ဓာတော်အစဉ်ဟု ဆိုအပ်သော ပုဂ္ဂိုလ် အထူးကို ကောက်ယူရပါသည်။

နှစ်သက်ခြင်း၊ မြတ်နိုးခြင်းကို ဖြစ်စေတတ်သော ကြောင့် ရတနာ မည်ပါသည်။

မေး။ ။တရားရတနာ၊ သံဃာရတနာတို့၌ တရား-အရ၊ သံဃာ-အရ ကောက်ပြပြီးလျှင် အဘယ့်ကြောင့် တရား, သံဃာဟု ခေါ်ပါသနည်း။

ဖြေ။ ။တရား-အရ မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်, ပရိယတ္တိ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

သံဃာ-အရ ကလျာဏသီလဝန္တပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ် ဂ-ယောက်တို့ ဖြစ်ပါသည်။
အပါယ်လေးပါးသို့ မကျရောက်စေသည်ကို ပြု၍ ကောင်းကျိုး အဆင့်ဆင့်ကို ဆောင်တတ်သော ကြောင့် တရားဟု ခေါ်ပါသည်။
ကိလေသာ အညစ် အကြေးတို့ကို ပယ်သတ်ဖျောက် သောကြောင့် သံဃာဟု ခေါ်ပါသည်။

မေး။ ။ရှိခိုးခြင်း အပြား မည်မျှရှိပါသနည်း၊ အဓိပ္ပါယ်နှင့် တကွ ရေးခဲ့ပါ။

ဖြေ။ ။ရှိခို ခြင်းအပြား ၃-ပါး ရှိပါသည်။
ကာယပဏာမ-ကိုယ်အင်္ဂါတို့ဖြင့် ဦးခိုးခြင်း။
ဝစီပဏာမ-ဂုဏ်ကျေးဇူးကို နှုတ်မြွက်၍ ရှိခိုးခြင်း။
မနောပဏာမ-ဂုဏ်ကျေးဇူးကို အောက်မေ့၍ စိတ်ဖြင့် ရှိခို ခြင်း။

မေး။ ။ကာယပဏာမဖြင့် ရှိခိုးရာဝယ် အဘယ်သို့ ရှိခိုးရပါသနည်း။

ဖြေ။ ။ကာယပဏာမဖြင့် ရှိခိုးရာဝယ် ဒူး ၂-ဖက်, လက် ၂-ဖက်, နဖူး ဤ ၅-ခု မြေ၌ ထိစေ၍ ရှိခိုးရပါသည်။

တနည်း-ခြေ, လက်, နဖူး, တတောင်, ဒူး-ဤ ၅-ခုကို မြေ၌ ထိစေ၍ ရှိခိုးရပါသည်။

မေး။ ။အပါယ် ၄-ပါးကို ရေတွက်ပြပြီးလျှင် အပါယ် ခေါ်ရခြင်း အကြောင်းကိုလည်း ဖော်ထုတ်လိုက်ပါ။

ဖြေ။ ။ငရဲ, တိရစ္ဆာန်, ပြိဿာ, အသုရကာယ်တို့သည် အပါယ် ၄-ပါး ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုမှ ကင်းသောကြောင့် အပါယ်ဟု ခေါ်ပါသည်။

မေး။ ။ငရဲရှစ်ထပ်ကို ရေတွက်ပြ၍ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ ။၁။ သီဠိုဝ်းငရဲ၊ ၂။ ကာလသုတ်ငရဲ၊ ၃။ သံ-ဃာတငရဲ၊ ၄။ ရောရုဝငရဲ၊ ၅။ မဟာရော-ရုဝငရဲ၊ ၆။ တာပနငရဲ၊ ၇။ မဟာတာပန-ငရဲ၊ ၈။ အဝီစိငရဲ။ ငရဲရှစ်ထပ် ဖြစ်ပါသည်။

ငရဲရှစ်ထပ် အဓိပ္ပါယ်မှာ—

၁။ အဖန်ဖန် အထပ်ထပ် အသက်ရှင်ရာ ဖြစ်သော ကြောင့် 'သီဠိုဝ်းငရဲ'။

၂။ မျဉ်းချ၍ ရှစ်မြောင့် စသည် ခုတ်ရွေရာဖြစ်သော ကြောင့် 'ကာလသုတ်ငရဲ'။

၃။ သံတောင်ကြီးတို့သည် ပြင်းစွာ ကြိတ်ချေရာ ဖြစ် သောကြောင့် 'သံဃာတငရဲ'။

၄။ ကျယ်စွာသော အသံ အော်မည်ရာ ရှိသောကြောင့် 'ရောရုဝငရဲ'။

၅။ ကျယ်စွာသောအသံ အဖန်ဖန်အော်မည်ရာ ရှိသောကြောင့် 'မဟာရောရုဝင'ရဲ့'။

၆။ ပူလောင် စေတတ်သောကြောင့် 'တာပနင'ရဲ့'။

၇။ ပြင်းစွာ ပူလောင်စေတတ်သောကြောင့် 'မဟာတာပနင'ရဲ့။

၈။ မီးလှဲတို့၏ဝင်း, ငရဲသားတို့၏ဝင်း, ဆင်းရဲ၏ဝင်း ထိုသုံးမျိုး အကြား အပေါက်မရှိထုဖြစ်သောကြောင့် 'အဝီစိင'ရဲ့'။

ဥမေး။ ။ကပ် ၃-ပါး သရုပ်ကို အဓိပ္ပါယ်နှင့်တကွ ရေးပြီးလျှင် "ကပ်" မည်ခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

ဥဖြ။ ။ရောဂန္တရကပ် အနာရောဂါတို့ဖြင့် သေကြေ ပျက်စီးခြင်း။

သတ္ထန္တရကပ် လက်နက်တို့ဖြင့် သေကြေပျက်စီးခြင်း။

ဒုဗ္ဘိက္ခန္တရကပ် အစာရေစာ ငတ်မွတ်ခေါင်းပါး၍ သေကြေပျက်စီးခြင်း။

ပျက်စီးတတ်သောကြောင့် 'ကပ်'ဟု ခေါ်ပါသည်။

ဥမေး။ ။အဘယ်အခါကာလ၌ ရောဂန္တရကပ်, သတ္ထန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်တို့ ဖြစ်ပါသနည်း။

ဥဖြ။ ။လောဘကြီးသော အခါကာလ၌ ဒုဗ္ဘိက္ခန္တရကပ်, ဒေါသကြီးသောအခါကာလ၌ သတ္ထန္တရကပ်, မောဟကြီးသော အခါကာလ၌ ရောဂန္တရကပ်တို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ဤနေရာဝယ် မဃဒေဝလက်ာအရ အမေး အဖြေ ပြုလုပ်ထားပါသည်။ မှီရာမှာ ပါထိကဝဂ္ဂ၊ အဋ္ဌကထာ (ဆဋ္ဌမ) စာမျက်နှာ-၃၈ ဖြစ်ပါသည်။

ကပ်သုံးပါး ဖြစ်ခြင်းအကြောင်းကို ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒုတိယအုပ် (ဆဋ္ဌမ) စာမျက်နှာ ၅၄-၅၅-၌—

၁။ လောဘကြီးသော အခါကာလ၌ ရောဂန္တရကပ်၊

၂။ ဒေါသကြီးသော အခါကာလ၌ သတ္ထန္တရကပ်၊

၃။ မောဟကြီးသော အခါကာလ၌ ဒုဇ္ဇိက္ခန္တရကပ်—

ဖြစ်သည်ဟု ပြထားပါသေးသည်။ ။

မေး။ ။အရပ်ပြစ်မည်ခြင်းကို အကြောင်းကို ရေး၍ အရပ် ပြစ် ၈-ပါးကိုလည်း ရေတွက်ပြပါ။

ဖြေ။ ။သစ္စာလေးပါးတရားကို သိဘို့ရာ အခွင့်အခါမဟုတ် သောပုဂ္ဂိုလ်, အရပ်ဒေသနှင့် အခါကာလမဟုတ် သောကြောင့် အရပ်ပြစ်ဟု ခေါ်ပါသည်။

၁။ ရေဘုံ၌ ဖြစ်ခြင်း၊

၂။ တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း၊

၃။ ပြိတ္တာဘုံ၌ ဖြစ်ခြင်း၊

၄။ အသညသတ်ဘုံ, အရူပဘုံ၌ ဖြစ်ခြင်း၊

၅။ ဗုဒ္ဓသာသနာမရှိသောအရပ်၌ ဖြစ်ခြင်း၊

၆။ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိခြင်း၊

၇။ ဘုရားပွင့်ဆဲအခါ တရားကို နားလည်လောက်သော ဉာဏ်မရှိခြင်း၊

၈။ တတ်သိနားလည်လောက်သောဉာဏ် ရှိခြင်းလည်း ဘုရားမပွင့်သေးအခါ လူဖြစ်ခြင်း။ ရှစ်ပါး။

၆မေး။ ။ဝိပတ္တိဘရား, ဗျသနတရား မည်မျှ ရှိပါသနည်း ရေတွက်ပြပြီ လျှင် ဝိပတ္တိ, ဗျသန မည်ခြင်း၊ အကြောင်းကိုလည်း ရေးခဲ့ပါ။

၆ဖြေ။ ။ဝိပတ္တိတရား ၄-ပါး ရှိပါသည်။

၁။ ကာလဝိပတ္တိ အခါကာလ ပျက်စီးခြင်း၊
၂။ ဂတိဝိပတ္တိ လားရာဂတိပျက်စီ ခြင်း၊
၃။ ဥပဓိဝိပတ္တိ ရုပ်သွင်သဏ္ဌာန် ဖောက်ပြန်ပျက်စီးခြင်း၊
၄။ ပယောဂဝိပတ္တိ လုံ့လဝီရိယ ဖောက်ပြန်ပျက်စီးခြင်း၊

ဗျသနတရား ၅-ပါးရှိပါသည်။

၁။ ဉာတိဗျသန ဆွေမျိုးတို့၏ ပျက်စီးခြင်း၊
၂။ ဘောဂဗျသန စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊
၃။ ရောဂဗျသန အနာရောဂါ နှိပ်စက်ပျက်စီးခြင်း၊
၄။ သီလဗျသန ကိုယ်ကျင့်သီလပျက်စီးခြင်း၊
၅။ ဒိဋ္ဌိဗျသန အယူဝါဒလွဲမှား ပျက်စီးခြင်း။

ဖောက်ပြန် ပျက်စီးတတ်သောကြောင့် ဝိပတ္တိခေါ် ပါသည်။

ပျက်စီး၍ ကျဆုံးရာဖြစ်သောကြောင့် ဗျသန ခေါ် ပါသည်။

၈မေး။ ။သူတော်ကောင်းတို့အား ပြစ်မှားက ပစ္စက္ခဘဝ ၌ပင် ကျရောက်တတ်သော အပြစ် ၈-ပါး ဒဏ် ၁၀-ပါးကို ရေတွက်ပြပါ။

အပြစ် ၈-ပါးမှာ—

ဖြေ။ ၁။ မြေမျိုခြင်း၊
၂။ မိကျောင်းဖမ်းစားခြင်း၊
၃။ သစ်ကျားဖမ်းစားခြင်း၊
၄။ ဘီလူးဖမ်းစားခြင်း၊
၅။ ရေနစ်ခြင်း၊
၆။ ရူးသွပ်ခြင်း၊
၇။ သွေးအန်ခြင်း၊
၈။ မိုးကြိုးကျခြင်းတို့ ဖြစ်ပါသည်။

ဒဏ် ၁၀-ပါးမှာ—

၁။ ပြင်းထန်သော ဝေဒနာကပ်ရောက်ခြင်း၊
၂။ စည်းစိမ်လျော့ပါးခြင်း၊
၃။ နေအိမ် မီးလောင်ခြင်း၊
၄။ ကိုယ်အင်္ဂါကျိုးပဲ့ခြင်း၊
၅။ နူနာရောဂါဖြစ်ခြင်း၊
၆။ ရူးသွပ်ခြင်း၊
၇။ မင်းပြစ် မင်းဒဏ် ကျရောက်ခြင်း၊
၈။ အစွပ်အစွဲခံရခြင်း၊
၉။ ဆွေမျိုး ပြိုကွဲခြင်း၊
၁၀။ ရွှေငွေ ကျွဲနွား ပျက်စီးခြင်းတို့ ဖြစ်ပါသည်။

မေး။ ။ဒုစရိုက် မည်မျှရှိသည်ဟု ရေတွက်ပြ၍ ဒုစရိုက် မည်ရခြင်းကိုလည်း ရေးခဲ့ပါ။

အခြေခံကျမ်း ၃—ပ-မ-သ-စ

ဖြေ။ ။ဒုစရိုက် ၁၀-ပါး ရှိပါသည်။
ကာယဒုစရိုက် ၃-ပါး၊
ဝစီဒုစရိုက် ၄-ပါး၊
မနောဒုစရိုက် ၃-ပါး—
ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

မေး။ ။အဘယ့်ကြောင့် ဒုစရိုက်ခေါ်သနည်း။

ဖြေ။ ။မကောင်းသော အကျင့်ဖြစ်သောကြောင့် 'ဒုစရိုက်' ခေါ်ပါသည်။

မေး။ ။ကာယဒုစရိုက် ၃-ပါးကို ပါဋိ+မြန်မာ နှစ်ဘာသာဖြင့် ရေတွက်ပြ၍ ကာယဒုစရိုက် အဓိပ္ပါယ်ကို လည်း ဖော်ပြပါ။

ဖြေ။ ။ကာယဒုစရိုက် ၃-ပါးမှာ—
ပါဏာတိပါတ သူ့အသက်ကို သတ်ခြင်း။
အဒိန္နာဒါန သူ့ဥစ္စာကို ခိုးယူခြင်း။
ကာမေသုမိစ္ဆာစာရ သူလင် သူမယားတို့၌ ပြစ်မှား ခြင်းတို့ ဖြစ်ပါသည်။

ကိုယ်ဖြင့် ပြုလုပ်သည့် မကောင်းသော အကျင့် ဖြစ်သောကြောင့် 'ကာယဒုစရိုက်' ဖြစ်ပါသည်။

မေး။ ။ဝစီဒုစရိုက် ၄-ပါး၊ မနောဒုစရိုက် ၃-ပါးတို့ကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ဖြေ။ ။**ဝစီဒုစရိုက် ၄-ပါးမှာ—**

မုသာဝါဒ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊
ပိသုဏဝါစာသူနှစ်ယောက်တို့အကြား၌ဂုံးတိုက်ခြင်း၊
ဖရုသဝါစာ ကြမ်းတမ်းသော စကားကိုပြောဆိုခြင်း၊
သမ္ဖပ္ပလာပ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း၊

မနောဒုစရိုက် ၃-ပါးမှာ—

အဘိဇ္ဇာ သူ့ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွ
ဟု ကြံစည်ခြင်း၊
ဗျာပါဒ သူတပါးတို့ ပျက်စီးမှုကို တောင့်တခြင်း၊
မိစ္ဆာဒိဋ္ဌိ မှားသောအယူကို ယူခြင်း။

မေး။ ။သုစရိုက်မည်မျှရှိပါသနည်း၊ အကျဉ်းအားဖြင့် ရေ
တွက်ပြပြီးလျှင် အဘယ့်ကြောင့် 'သုစရိုက်'ဟု ခေါ်
ပါသနည်း။

ဖြေ။ ။သုစရိုက် ၁၀-ပါး ရှိပါသည်။

ကာယသုစရိုက် ၃-ပါး၊ ဝစီသုစရိုက် ၄-ပါး၊ မနောသုစရိုက် ၃-ပါး ဖြစ်ပါသည်။

ကောင်းသော အကျင့်ဖြစ်သောကြောင့် 'သုစရိုက်'ဟု
ခေါ်ပါသည်။

မေး။ ။သုစရိုက် ၁၀-ပါးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

ကာယသုစရိုက် ၃-ပါး

ပါဏာတိပါတာဝိရတိ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
အဒိန္နာဒါနာဝိရတိ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊
ကာမေသုမိစ္ဆာစာရာဝိရတိ သူ့လင် သူ့မယားတို့၌ လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၊

ဝစီသုစရိုက် ၄-ပါး

မုသာဝါဒဝိရတိ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
ပိသုဏာဝါစာဝိရတိ သူနှစ်ယောက်တို့၏ အကြားဒို့ကုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
ဖရုသာဝါစာဝိရတိ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
သမ္ဖပ္ပလာပဝိရတိ သိမ်မဲဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

မနောသုစရိုက် ၃-ပါး

အနဘိဇ္ဈာ သူ့ဥစ္စာကိုငါ့ဥစ္စာဖြစ်လျှင် ကောင်းလေစွဟု မကြံစည်ခြင်း၊
အဗျာပါဒ သူတပါးတို့ ပျက်စီးမှုကို မတောင့်တခြင်း၊
သမ္မာဒိဋ္ဌိ မှန်သောအယူကို ယူခြင်း။

မေး။ ။ဒုစရိုက်သည် အကျယ်အဝန်းဖြင့် မည်မျှရှိပါသနည်း၊ ရေတွက်ပြပါ။

ဖြေ။ ။ဒုစရိုက်သည် အကျယ်အဝန်းဖြင့် ၄၀-ရှိပါသည်။

၁။ ကိုယ်တိုင်ပြုခြင်း၊

၂။ သူတပါးကို တိုက်တွန်းခြင်း, ခိုင်းခြင်း၊

၃။ သူတပါးပြုနေသည်ကို သဘောတူခြင်း၊

၄။ ပြုချင်လာအောင် အကျိုးကျေးဇူးကို ပြောဆိုခြင်း။

ဒုစရိုက် ၁၀-ပါးကို ဤ ၄-မျိုးဖြင့် မြောက်က အကျယ် ၄၀-ဖြစ်ပါသည်။

(ဒုစရိုက် တပါးတပါးမှာ ၄-မျိုးစီရှိသောကြောင့် ၁၀-ပါးမှာ ၄၀-ရှိကြောင်း သိပါ။)

မှတ်ချက်။ ။(သုစရိုက် ၁၀-ပါးလည်း အကျယ်အဝန်း ဖြင့် ၄၀-ရှိကြောင်း သိပါ။)

မေး။ ။ပုညကြိယဝတ္ထု မည်မျှရှိသည်ဟု သင်္ဃာမျှပြု၍ ပုညကြိယဝတ္ထု မည်ကြောင်းကိုလည်း ရေးခဲ့ပါ။

ဖြေ။ ။ပုညကြိယဝတ္ထု ၁၀-ပါး ရှိပါသည်။

ကောင်းကျိုးချမ်းသာ မင်္ဂလာ ကျက်သရေတို့၏ တည်ရာ အကြောင်းဖြစ်၍ စင်စစ် ပြုသင့်ပြုထိုက် သောကြောင့်ရင်း, ပြုသူ၏စိတ်ဓာတ်ကို ဖြူစင် သန့်ရှင်း စေနိုင်သောကြောင့်ရင်း ပုညကြိယ-ဝတ္ထု မည်ပါသည်။

မေး။ ။ပုညကြိယဝတ္ထု ၁၀-ပါးကို အဓိပ္ပါယ်နှင့် တကွ ဝရတွက် ပြပါ။

ဖြေ။ ။ပုညကြိယဝတ္ထု ၁၀-ပါးမှာ—

၁။ ဒါန စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊
၂။ သီလ ကိုယ်နှုတ်စောင့်ထိန်းမှု၊
၃။ ဘာဝနာ သမထ, ဝိပဿနာ ပွါးများ အား ထုတ်မှု၊
၄။ အပစာယန ရိုသေထိုက်သူကို ရိုသေမှု၊
၅။ ဝေယျာဝစ္စ သူတပါးတို့၏ ကုသိုလ် ကိစ္စဋ္ဌ ကူညီမှု၊
၆။ ပတ္တိဒါန မိမိကုသိုလ်အဘိုကို အမျှပေးဝေမှု၊
၇။ ပတ္တာနုမောဒန သူတပါး အမျှပေးဝေသည်ကို ဝမ်းမြောက်ဝမ်းသာ သာခုခေါ်မှု၊
၈။ ဓမ္မဿဝန တရားနာမှု၊
၉။ ဓမ္မဒေသနာ တရားဟောမှု၊
၁၀။ ဒိဋ္ဌဇုကမ္မ အယူကို ဖြောင့်မှန်စွာယူမှု။

ပုညကြိယဝတ္ထု အကျဉ်း

မေး။ ။ပုညကြိယဝတ္ထုသည် အကျဉ်းအားဖြင့် မည်မျှရှိပါသနည်း၊ ထည့်သွင်းပြပါ။

ဖြေ။ ။ပုညကြိယဝတ္ထုသည် အကျဉ်းအားဖြင့် ဒါန, သီလ, ဘာဝနာ ဟူ၍ ၃-ပါး ရှိပါသည်။

ပတ္တိဒါနန္ဒင့် ပတ္တာနုမောဒနာကို ဒါန၌ ထည့်သွင်း ရပါသည်။

အပစာယနန္ဒင့် ဝေယျာဝစ္စကို သီလ၌ ထည့်သွင်း ရပါသည်။

ဓမ္မဿဝန, ဓမ္မဒေသနာနှင့် ဒိဋ္ဌုကမ္မကို ဘာဝနာ၌ ထည့်သွင်းရပါသည်။

မေး။ ။"အဟံ ဘန္တေ"အစချီသော ၃-ပုဒ်ဖြင့် မည်သည့် အဓိပ္ပါယ်ကို ပြုပါသနည်း၊ ယင်း ၃-ပုဒ်တို့တွင် အစပုဒ်၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ ။"အဟံ ဘန္တေ"အစချီသော ၃-ပုဒ်ဖြင့် သရဏဂုံနှင့် သီလကိုပေးပါရန် တောင်းပန်ခြင်း ဖြစ်ပါသည်။

အရှင်ဘုရား တပည့်တော်သည် သရဏဲကုံ ၃-ပါးနှင့် ငါးပါး သီလကို တောင်းပါ၏၊ တပည့်တော်အား ချီးမြှောက်သော အားဖြင့် ငါးပါးသီလ ပေးပါဘုရား။

မေး။ ။သရဏဲကုံ၏ အဓိပ္ပါယ်ကို ဖော်ပြ၍ သရဏဂုံတည် ခြင်း၏ အကျိုးကိုလည်း ရေးခဲ့ပါ။

ဖြေ။ ။ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသည် 'သရဏဂုံ' ဖြစ်ပါသည်။

သရဏဂုံတည်ခြင်း အကျိုးမှာ—

၁။ အပါယ်သို့ မရောက်ရခြင်း၊

၂။ နတ်ပြည်သို့ရောက်ရခြင်းတို့ ဖြစ်ပါသည်။

မေး။ ။သရဏဂုံပျက်ခြင်းတို့ကို ရေးပြီးလျှင် အပြစ်ရှိမဲ့ အားဖြင့်လည်း ခွဲခြားပြပါ။

ဖြေ။ ၁။ မိစ္ဆာဒိဋ္ဌိ အယူ ယူသဖြင့် ပျက်ခြင်း၊
၂။ သေသဖြင့် ပျက်ခြင်းတို့ ဖြစ်ပါသည်။
မိစ္ဆာဒိဋ္ဌိအယူ ယူသဖြင့် ပျက်ခြင်းမှာ အပြစ်ရှိ၍ သေသဖြင့် ပျက်ခြင်းမှာ အပြစ် မရှိပါ၊

မေး။ ။ငါးပါးသီလစောင့်ထိန်းသောသူတို့သည် အဘယ်တို့မှ ရှောင်ကြဉ်ရပါသနည်း။

ဖြေ။ ၁။ သူ့အသက်ကို သတ်ခြင်းမှ၊
၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ၊
၃။ သူ့လင် သူ့မယား ပြစ်မှားခြင်းမှ၊
၄။ မဟုတ် မမှန်ပြောဆိုခြင်းမှ၊
၅။ ထန်းရည် အရက် သောက်ခြင်းတို့မှ ရှောင်ကြဉ်ရပါသည်။

မေး။ ။သီလပျက်ခြင်း ၃-မျိုးတို့ကို ရေး၍ အပြစ်ရှိ မဲ့အားဖြင့်လည်း ခွဲခြားပြပါ။

ဖြေ။ ၁။ ပိုင်းခြားထားသော အချိန်ကာလကို ကျော်လွန်၍ ပျက်ခြင်း၊
၂။ သိက္ခာပုဒ်ကို လွန်ကျူး၍ပျက်ခြင်း၊
၃။ သေ၍ ပျက်ခြင်း-တို့ ဖြစ်ပါသည်။
ထို ၃-မျိုးတို့တွင် သိက္ခာပုဒ်ကို လွန်ကျူး၍ ပျက်ခြင်းမှာ အပြစ်ရှိပါသည်။
ကျန်ပျက်ခြင်း ၂-ပါးတို့မှာ အပြစ်မရှိပါ။

မေး။ ။ပါဏာတိပါတအင်္ဂါ ၅-ပါးတို့ကို ရေတွက်ပြ၍ တပါးပါး ချို့တဲ့ပါက ပါဏာတိပါတကံ ထိုက်မထိုက် ဆုံးဖြတ်လိုက်ပါ။

ဖြေ။ ၁။ သတ္တဝါလည်း ဖြစ်စေ၊
၂။ သတ္တဝါဟု အမှတ်လည်း ရှိစေ၊
၃။ သေစေလိုသောစိတ်လည်းရှိစေ၊
၄။ လုံလလည်း ပြုစေ၊
၅။ ထိုလုံလကြောင့် သေသည်လည်းဖြစ်စေ။
ပေါင်း ၅-ပါး ဖြစ်ပါသည်။
အင်္ဂါတပါးပါး ချို့တဲ့ပါက ပါဏာတိပါတကံ မထိုက်ပါ။

မေး။ ။သူ့အသက်သတ်ခြင်းအပြစ်, ရှောင်ကြဉ်ခြင်းအကျိုး တို့ကို ရေးခဲ့ပါ။

ဖြေ။ ။သူ့အသက်သတ်ခြင်းအပြစ်မှာ—
၁။ အင်္ဂါချွတ်ယွင်းခြင်း၊
၂။ ရုပ်အဆင်းမလှခြင်း၊
၃။ လျင်မြန်ရဲရင့်မှုကင်းခြင်း၊
၄။ သူသတ်ခံရခြင်း, အနာဗျာဒခြင်း၊
၅။ အသက်တိုခြင်းတို့ ဖြစ်ပါသည်။

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုးမှာ—
၁။ ရုပ်အဆင်းလှုပခြင်း၊
၂။ အသက်ရှည်ခြင်း၊
၃။ လျင်မြန်ရဲရင့်ခြင်း၊
၄။ လူအပေါင်း ချစ်ခင် နှစ်သက်ခြင်းတို့ ဖြစ်ပါသည်။

မေး ။သူညစ်စာခိုးယူခြင်းအပြစ်, ရှောင်ကြဉ်ခြင်း အကျိုးတို့ကို ရေးခဲ့ပါ။

ဖြေ။ ။သူ့ညစ်စာခိုးယူခြင်းအပြစ်မှာ—

၁။ ညစ်စာမဲ့ခြင်း၊
၂။ ဆင်းရဲခြင်း၊
၃။ ငတ်ပြတ်ခြင်း၊
၄။ အစားမေ့ခံဆိုးနှင့်တွေ့ရခြင်း၊
၅။ ရန်သူမျိုးငါးပါး နှိပ်စက်ခံရခြင်း၊
၆။ လူအများမျက်နှာမူန်းခြင်း၊
၇။ ထောင်, အချုပ်ခန်းသို့ ရောက်ရခြင်း၊
၈။ တရားရုံးသို့ ရောက်ရခြင်း၊
၉။ အပါယ်ငရဲသို့ ရောက်ရခြင်းတို့ ဖြစ်ပါသည်။

သူ့ညစ်စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုးမှာ—

၁။ ညစ်စာစပါး ပေါများခြင်း၊
၂။ **အစေခံအရုံများခြင်း၊**
၃။ ရန်သူမျိုး ငါးပါးတို့မှ ကင်းလွတ်ခြင်းတို့ ဖြစ်ပါသည်။

မေး။ ။ကာမေသုမိစ္ဆာစာရ လွန်ကျူးခြင်းအပြစ်, ရှောင်ကြဉ်ခြင်း အကျိုးတို့ကို ရေးခဲ့ပါ။

ဖြေ။ ။ကာမေသုမိစ္ဆာစာရလွန်ကျူးခြင်းအပြစ်များမှာ—

၁။ ရန်သူများခြင်း၊
၂။ လာဘ်လာဘ ရှားပါးခြင်း၊
၃။ **မိန်းမ, ပဏ္ဍုကျ် ဖြစ်ရခြင်း၊**

၄။ တိရစ္ဆာန်ဖြစ်သောအခါ သင်းကွပ်ခံရခြင်း၊
၅။ ချစ်သူနှင့်ကွေကွင်းရခြင်း၊
၆။ အပါယ်ငရဲသို့ ရောက်ရခြင်းတို့ ဖြစ်ပါသည်။

ကာမေသုမိစ္ဆာစာရ ရှောင်ကြဉ်ရခြင်းအကျိုးမှာ—

၁။ ရန်သူကင်းခြင်း၊
၂။ လာဘ်လာဘပေါများခြင်း၊
၃။ မိန်းမ၊
၄။ ပဏ္ဍုက် မဖြစ်ရခြင်း၊
၅။ အပါယ်ငရဲမှ လွတ်ရခြင်း၊
၆။ ချစ်သူနှင့်ပေါင်းရခြင်းတို့ ဖြစ်ပါသည်။

မေး။ ။မုသာဝါဒ လွန်ကျူးခြင်းအပြစ်, ရှောင်ကြဉ်ခြင်း အကျိုးတို့ကို ဖေဘြပါ။

ဖြ။ ။မုသာဝါဒ လွန်ကျူးခြင်းအပြစ်များမှာ—

၁။ သွားခေါခြင်း၊
၂။ သွားကဲ့ခြင်း၊
၃။ ပါးစပ်ပုပ်ခြင်း၊
၄။ ကိုယ်ရေခြောက်ခန်းခြင်း၊
၅။ နှုတ်ကြမ်းတမ်းခြင်း၊
၆။ ဩဇာမတည်ခြင်း၊
၇။ စိတ်ပုံလွှင့်ခြင်းတို့ ဖြစ်ပါသည်။

မုသာဝါဒ ရှောင်ကြဉ်ရခြင်းအကျိုးမှာ—

၁။ သွားညီညွတ်ခြင်း၊
၂။ ပါးစပ်မွှေးကြိုင်ခြင်း၊

၃။ ခြောက်ပြစ်ကင်းခြင်း၊
၄။ လူအပေါင်းချစ်ခင်မြတ်နိုးခြင်း၊
၅။ သြဇာတည်ခြင်းတို့ ဖြစ်ပါသည်။

၆မေး။ ။ထန်းရည်, အရက်သောက်ခြင်း အပြစ်, ရှောင်ကြဉ်ခြင်း အကျိုးတို့ကို ရေးခဲ့ပါ။

၆ဖြ။ ။ထန်းရည်, အရက်သောက်ခြင်းအပြစ်များမှာ—

၁။ ဥစ္စာပျက်စီးခြင်း၊
၂။ လူအများမုန်းခြင်း၊
၃။ ခိုက်ရန်ဖြစ်ပွါးခြင်း၊
၄။ ရောဂါပေါခြင်း၊
၅။ အကျော်အစောမဲ့ခြင်း၊
၆။ အရှက်အကြောက်ကင်းခြင်း၊
၇။ ငရဲရောက်ရခြင်းတို့ ဖြစ်ပါသည်။

ထန်းရည်, အရက် ရှောင်ကြဉ်ခြင်းအကျိုးများ—

၁။ ပညာထက်မြက်ခြင်း၊
၂။ ဥစ္စာတိုးတက်ခြင်း၊
၃။ သတိမြဲခြင်း၊
၄။ အယူဖြောင့်မတ်ခြင်း၊
၅။ ရူးသွပ်မှုကင်းခြင်း၊
၆။ လူအများနှစ်သက်ခြင်း၊
၇။ နိဗ္ဗာန်ရောက်ရခြင်းတို့ ဖြစ်ပါသည်။

ရတနာသုံးပါးဂုဏ်တော်ခေါ်း

ဘုရားဂုဏ်တော် ၉-ပါး ပါဠိ

ဣတိပိ သော ဘဂဝါ—

၁။ အရဟံ၊

၂။ သမ္မာသမ္ဗုဒ္ဓေါ၊

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊

၄။ သုဂတော၊

၅။ လောကဝိဒူ၊

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ၊

၇။ သတ္ထာ ဒေဝမနုဿာနံ၊

၈။ ဗုဒ္ဓေါ၊

၉။ ဘဂဝါ။

ဘုရားဂုဏ်တော် ၉-ပါး အနက်

၁။သော ဘဂဝါ၊ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဖြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့်ပြည့်စုံတော်မူပေသောကြောင့်လည်း။ အရဟံ၊အရဟာ မည်တော်မူပေ၏။

၂။သော ဘဂဝါ၊ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် သစ္စာညေ့ယျ ဓမ္မအပုံ အပေါင်းစုံကို အကုန်

မကျန် မြတ်ရှေညာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပေသောကြောင့်လည်း။ သမ္မာသမ္မုဒ္ဓါ၊သမ္မာသမ္မုဒ္ဓ မည်တော်မူပေ၏။

၃။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဣသိုလျှင် စရဏအပြား တဆဲ့ငါးတည့် သုံးပါး၊ ရှစ်ဖြာ ညာဏ် ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပေ၏။

၄။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဣသိုလျှင် သဿတဒိဋ္ဌ ဥစ္ဆေဒဒိဋ္ဌ မကပ်ငြိပဲ မဇ္ဈိမ-ပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ဇရုန်းပုရိဘေးမဲ့ ပြည်သို့ ကြွချီဆိုက်ရောက်တော်မူပေသောကြောင့် လည်း။ သုဂတောဝါ၊သုဂတ မည်တော်မူပေ၏။

၅။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဣသိုလျှင် ကာမ ရူပ အရူပဟု လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသောကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပေ၏။

၆။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဣသိုလျှင် ဇာတိမာန် ပုဏ္ဏမာန် ဂုဏမာန် ဗလမာန် ဣဿိမာန် ပညာမာန်တို့ဖြင့် မိုးစဉ်းကြားကြား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ အဂ်ုလိမာလ သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိုပ်အနှီ ငြိမ်ဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတူ

မရှိ လွန်ကဲဘိသောကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပေ၏။

၇။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့လျှင် သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝပ်တွားရှိပျော်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူပေသောကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာန မည်တော်မူပေ၏။

၈။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူနတ် အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူပေသောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပေ၏။

၉။သော ဘဂဝါထိုအကျွန်ုပ်တို့ဆရာမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမ်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပေ၏။

ပဏ္ဍာဝမ

တံ၊ ထို အရဟံ အစ ဘဂဝါ အဆုံး ဘဝက်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ အရှင်ဘုရား။

တရားဂုဏ်တော် ၆-ပါး ပါဠိ

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဟေါပဿဝိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

တရားဂုဏ်တော် ၆-ပါး အနက်

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊တရားတော် မြတ်ကို။ သွာက္ခာတော၊ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော် မူပါပေ၏။

၂။ ဓမ္မော၊ တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဌာပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင် ခံစားရသော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံတော်မူပေ၏။

၃။ ဓမ္မော၊ တရားတော်မြတ်သည်။ အကာလိကော၊ ကာလမရွေး ကျင့်သည့်နေ့ပင် တွေ့မြင် ယုံကြည်ရသော ကောင်းကျိုး ချမ်းသာနှင့် ပြည့်စုံတော်မူပေ၏။

၄။ ဓမ္မော၊ တရားတော်မြတ်သည်။ ဟေါပဿဝိကော၊လာရောက် ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံပါဟု မဖိတ်ပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းဌာ ထိုက်တန်စွာသော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံတော်မူပေ၏။

၅။ ဓမ္မော၊ တရားတော်မြတ်သည်။ သြပနေယျိကော၊ မိမိကာယ အစ္ဆတ္တာတဉ္စ ရရှိပေါက်ရောက် ကိုယ်တွေ့မြောက် အောင် ကပ်ရွက်ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံတော်မူပေ၏။

၆။ ဓမ္မော၊ တရားတော်မြတ်ကို။ ဝိညူဟိ၊ ပညာရှိဘူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ၊ အသီး အသီးသော မိမိတို့သန္တာန်၌။ ဥဝဒိတဗ္ဗော၊ ချမ်းသာလေစွ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံပေ၏။

ပဏာမ နိဂုံး

တံ၊ ထို သဂ္ဂာတ- အစ ဝေဒိတဗ္ဗော- အဆုံး ဘဝဂ်-ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို။ အဟံ၊ အက္ခန်ပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဂုဏ်တော် ၉-ပါး ပါဠိ

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၃။ ညာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော——

အခြေခံကျမ်း ၄—ပ-မ-သ-စ

၅။ အာဟုနေယျော၊
၆။ ပါဟုနေယျော၊
၇။ ဒက္ခိဏေယျော၊
၈။ အဉ္ဇလိကရဏီယော၊
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ။

သံဃဂုဏ်တော် ၉-ပါး အနက်

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်း မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ ဥဇုပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့် မတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသံဃာတော်မြတ် အပေါင်းသည်။ ဉာယပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန် သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

၄။ ဘဂဝတော့၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပဋိပန္နော သားသံဃာတော်မြတ် အပေါင်းသည်။ သာမီစိပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရှိသေအပ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

ယဒိဒံ ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် လေးပါးသော ယောကျ်ားမြတ် အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ယဒိဒံ ယေ ဣမေ အဋ္ဌ ပုရိသပုဂ္ဂလာ၊ အကြင် ရှစ်ပါးသော ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

၅။ ဘဂဝတော၊မြတ်စွာဘုရား၏။ သေ-သော သာဝက-သံဃော၊ ဤ လေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ အာဂန္တုအား ရည်၍ ထားသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပေ၏။

၆။ ဘဂဝတော၊မြတ်စွာဘုရား၏။ သေ-သော သာဝက-သံဃော၊ ဤ လေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ပါဟုနေယျော၊ လက်ဆောင်အလှူငှါ ယူ၍ လာသော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပေ၏။

၇။ ဘဂဝတော၊မြတ်စွာဘုရား၏။ သေ-သော သာဝက-သံဃော၊ ဤ လေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဒက္ခိဏေယျော၊ နောက်နောက်ဘဝ အကျိုးရဘို့ ပျိုးချတုံလတ် မြတ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပေ၏။

၈။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-သော သာဝက-သံဃော၊ ဤ လေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ အဥ္ဇလိကရဏီယော၊ လူမင်း နတ်မင်း၊ ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူခြင်းငှါ ထိုက်တန့်စွာသော သိလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပေ၏။

၉။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော-သော သာဝက-သံဃော၊ ဤ လေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်၊ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိ မြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးရာ ယယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပေ၏။

ပဏာမ နိဂုံး

တံ၊ ထို သုပ္ပဋိပန္နအစ ပုညက္ခေတ္တံ အဆုံး ဘဝဂ် ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

မင်္ဂလသုတ် ပါဠိ၊ အနှက်၊ အဓိပ္ပါယ်

မင်္ဂလသုတ် ပါဠိ

မင်္ဂလာအမ္ဘမ်းတင် ပထမဂါထာ

က။ ယံ မင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

